အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တော် ကမ္ဘာကျော်ရီချင်း (စ်)ပန်းဥယျာဉ်ကြီးရဲ့ မျက်နှာချင်းဆိုင်မှာ ဗလီကြီးတစ်ခုကို ဟိန်းနေ အောင် ဆောက်လုပ်ထားပါတယ်။ ယင်းဗလီကြီးတွင် ပေ ၂၀၀ ကျော်မြင့်သော မျော်စင်ကြီးပါရှိပြီး အိန္ဒိယပြည် ဟိုက်ဒရပ် ဘတ်နယ် မူဆလင်စော်ဘွားများက အကုန်အကျအားလုံး ကိုခံကာ အီဂျစ် ဗိသုကာတစ်ဦးနဲ့ဂျေရုဆလင်မြို့ရှိ ကမ္ဘာကျော် အကွာဆာဗလီပုံစံ ကိုယူပြီး တည်ဆောက်ထားပါတယ်။ ၎င်း ဗလီဟာ တစ်ကြိမ်တည်း လူပေါင်း ၁၀၀၀ ချောင်ချောင်ကြီး ဝတ်ပြုနိုင် လောက်အောင် ကျယ်ဝန်းပါတယ်။

## အိန္ဒိယပြည်နဲ့ အစ္စလာမ်ဘာသာ

အိန္ဒိယပြည် တ စ်ဝန်းလုံးကိုစုစည်း အုပ်ချုပ်နိုင်သောဘုန်းတန်ခိုးကြီးမားသည့် ဘုရင်ကြီးများဖြစ်ကြသော စန္ဒဂုတ္တမောရိယ ၊သိရီဓမ္မာသောက၊ဟာသျှ၊ သမုဒြဂုတ္တ ကဲ့သို့သောဘုရင်ကြီးများသည်ဂရာစုမှ၃ရာစုတိုင်အောင်အိန္ဒိယနိုင်ငံ၌မပေါ်ပေါက်ခဲ့သေးပါ။ ထိုကဲ့သို့ဘုန်းတန်ခိုးအင်အားချို့တဲ့နေစဉ်ကာလများမှာအစ္စလာမ်၊အာရပ်၊အာဖဂန်နှင့်မဂိုဘုရ င်များတို့က၎င်းတို့၏တန်ခိုးအာဏာတိုးချဲ့လို၍လည်းကောင်းအစ္စလာမဘာသာ ပြန့်ပွားလို၍လည်းကောင်းတစ်သုတ်ပြီး တစ်သုတ် ဖော်ပြပါရာစုများ အတွင်းမှာ အိန္ဒိယနိုင်ငံကြီးသို့အနောက်မြောက်ဖက်အရပ်မှဝင်ရောက်၍ သိမ်းပိုက်ခဲ့ကြပါတယ်။ အိန္ဒိယတိုက်ငယ် ဆင့် (ဒ်)ပြည်နယ်ကို ပထမဦးစွာ အောင်နိုင်သိမ်း ပိုက်ခဲ့သူမူဆလင်စစ်သူကြီးအမည်မှာ"မိုဟာမက်ဗင်ကာဆင်"ဖြစ်ပါတယ်။ ပန်ဂျပ်ပြည်နယ်၊ဆင်းပြည်နယ် စသည်ဖြင့် ဟိန္ဒူမြစ်ဝှမ်းဒေသတွင် အထူးအားဖြင့် ခြေကုပ်ယူ၍ ဓါးမိုးအုပ်ချုပ်မင်း လုပ်ခဲ့တယ်။

ပထမဦးစွာ အာရပ်တို့ကလည်းကောင်း၊နောင် အာရပ်တို့ တန်ခိုးမိုန်သောအခါ အာဖရန်တို့က လည်းကောင်း ၊ နောက်ပိုင်း မဂိုတို့ကလည်းကော င်း အစ္စလာမ်ဘာသာပြန့်ပွားရေးကို လူသာလဲပြီး မူမလဲသော ဝါဒဖြင့် ကြိုးစားဆောင်ရွက်ခဲ့ကြသဖြင့် ယနေ့တွင် အိန္ဒိယ တိုက်ငယ်၌ ဘင်္ဂလားဒေ့ရှ်  ၈၅ သန်းခန့်၊ ပါကစတန် သန်း ၈၀ ခန့်နှင့် အိန္ဒိယ ပြည်ထဲမှပင် သန်းပေါင်း ၁၀၀ (၁၀ ကုဋေ)ခန့်ထိအောင် လူဦးရေများပြားစေခဲ့ပါတယ်။ ကမ္ဘာ့သမို င်း အခြေပြစာအုပ်တွင် အစ္စလာမ်ဘာသာပြန့်ပွားရေးကို လက်နက်အားကိုဖြင့် ဆောင်ရွက်ခဲ့ကြသည်ဟု ဖော်ပြပါရှိပါတယ်။ မူဆလင်တွေဟာ အာရှေဗျူ ကျွန်း ဆွယ်ကနေ တစ်နိုင်ငံပြီးတစ်နိုင်ငံ ဘာသာရေးကို သိမ်းသွင်းပြီး  ဝါးမျိုးလာခဲ့ရာမှာ နိုင်ငံငယ်များဖြစ်ပြီး လူဦးရေးနည်းပါးတဲ့ ဆီးရီးယား၊ အီရတ်၊ အီရန်၊ အာဖဂန်စတဲ့ နိုင်ငံငယ်များကို ဝါးမျိုးရတဲ့အချိန်ဟာ သိပ်မကြာလှပေမယ့် အိန္ဒိယ တိုက်ငယ်ကျတော့ ဟိန္ဒူဘာသာ ဗုဒ္ဓဘာသာတို့က မူဆလင်တို့အရင် ရာစုနှစ်ပေါင်းများစွာ ကြာပြီး အရိုးစွဲနေကြပြန်၊ လူဦးရေကလည်း ထူထပ်များပြားပြန် ဆိုတော့ ရုတ်တရက်မ ဝါးမျိုနိုင်ဘဲ ဆင်ခေါင်းခွေးချီသလို ရာစုနှစ်အတော်များများ ကြိုးစားအားထုတ်ကြရပါတယ်။

ဒါကြောင့်လည်း အိန္ဒိယ ပြည်ကြီး ဗြိတိသျှထံမှ လွတ်လပ်ရေးရယူတဲ့အခါ မူဆလင် ဘာသာ ဝင် များပြားတဲ့ ယခု ပါကစ္စတန်ခေါ်တဲ့ အရပ်ဒေသနဲ့ ဘင်္ဂလားဒေ့ရှ် ခေါ်တဲ့ အရပ်ဒေသတွေကို နိုင်ငံသီးခြား ဖဲ့ပေး လိုက်ပါတယ်။ ဒီလို မူဆလင်များရာ အရပ်ဒေသတွေကို ဖဲ့ပေးပြီးတာတောင် ယနေ့ကမ္ဘာမှာ မူဆလင်အများဆုံး မှီတင်းနေထိုင်တဲ့ အင်ဒိုနီးရှားနိုင်ငံ ကလွဲလျှင် အိန္ဒိယ ပြည်ထဲရှိ မူဆလင်တွေက ကမ္ဘာမှာ အများဆုံးဖြစ်ပါတယ်။ ကမ္ဘာမှာ တတိယနှင့်စတုတ္ထနိုင်ငံတွေဟာလည်း အိန္ဒိယ တိုက်ငယ်ထဲက ေ စာစောကတင်ပြခဲ့တဲ့ ပါကစ္စတန်နိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်တို့ပဲ ဖြစ်ပါတယ်။ အိန္ဒိယ ပြည်မှာခံရတာ ဟိန္ဒူဘာသာ ဝင်တွေသာမကပါဘူး ဗုဒ္ဓဘာသာတွေကျတော့ အမြစ်ပါမကျန် ကျွတ်ကုန်ပါတော့တယ်။

ဗုဒ္ဓမြတ်စွာဘုရားပွင့်ပြီးနောက် နှစ်ပေါင်း (၃၀၀)ခန့် အကြာ ဗုဒ္ဓဘာသာကို သူ့အလိုအလျောက် သ က်ဝင်ယုံကြည် ကြည်ညိုပြီး ကူးပြောင်းလာခဲ့တဲ့ သီရိဓမ္မာသောကမင်းကြီးဟာ အများသိတော်မူတဲ့ အတိုင်း ကိုးတိုင်း၊ကိုးဌာန သာသနာပြု စေလွှတ်ရုံနှင့် အားမရသေးဘဲ သားတော်သမီးတော်တို့ကို သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ခြင်းပြုခဲ့ပါတယ်။ နောင် ဗုဒ္ဓဘာသာ ဝင်မင်းများ ကလည်း သာ သနာတော်ကို

ဆက်လက်၍ အားပေးကြပါတယ်။ အိန္ဒိယပြည် နာလန္ဒဗုဒ္ဓတက္ကသိုလ်ကြီးကို ကမ္ဘာအရပ်ရပ်မှ ဗုဒ္ဓဘာသာဝင်များ လာရောက်၍ ပညာဆည်းပူးနိုင်ရန် သာသနာ သက္ကရာဇ်  ၁၀၀၀ ခန့်တွင် ကုမ္မာရဂုတ္တမင်း တည်ထောင်ခဲ့ပါတယ်။ အခြား ဗုဒ္ဓဘာသာ ဝင်မင်း တို့ကလည်း ဝိက္ကမသီလာ တက္ကသိုလ်, လေဘီ တက္ကသိုလ် , ဩဒ္ဒန္တပူရိ တက္ကသိုလ်, သောမရူပမ တက္ကသိုလ်, ဇဂန္ဒလ တက္ကသိုလ်, အစရှိတဲ့ ဗုဒ္ဓတက္ကသိုလ်ကြီးများကို တည်ဆောက်ခဲ့ပြီး စာသင်သားရဟန်းတော် ထောင်သောင်းချီ
၍ရှိခဲ့ပါတယ်။ ဘာသာ ဝင် နိုင်ငံကြီးများ ဖြစ်ကြတဲ့ တရုတ်ပြည်၊ ဂျပန်ပြည်၊ အင်ဒိုနီးရှား ကျွန်းစုများ(ထိုစဉ်က သီရိ ဝိဇယ သု ဝဏ္ဏဘုမိ နိုင်ငံတော် ) စသည်တို့မှ စာသင်သား ရဟန်းတော်များ၏ ဗုဒ္ဓစာပေပညာ ဆည်းပူးရာ တက္ကသိုလ်ကြီးများ ဖြစ်ခဲ့ကြပါတယ်။ ယင်း တက္ကသိုလ်ကြီးများအား မူဆလင် အာရပ် တို့သည် လည်းကောင်း၊ အာဖဂန် မူဆလင် တို့သည်လည်းကောင်း၊တူရကီ မူဆလင် တို့သည် လည်းကောင်း ခေတ် အဆက်ဆက် ဆိုသလိုမီးတိုက်ဖျက်ဆီးခြင်း၊စာသင်သား ရဟန်းတော်များကို သတ်ဖြတ်ခြင်း စသည်ဖြင့်အပြီးတိုင်ကျေမှုန်းခြင်းခံရ၍ အိန္ဒိယမှာ ဗုဒ္ဓဘာသာ တို့ နလန်မထူနိုင်အောင် ဖြစ်သွားကြပါတယ်။

မူဆလင်သမိုင်းသုတေသီ ဆရာမိန်ဟာဇက်က "မူဆလင်မြင်းစစ်သည်တော်တွေဟာ နာလန္ဒတက္ကသိုလ်ကြီးကို မီးတိုက် ဖျက်ဆီးပြီး ရဟန်းတော်ပေါင်း သောင်းနှင့်ချီ၍ သတ်ဖြတ်ပါတယ်။ ရက်ရက် စက်စက် အရှင်လတ်လတ် မီးတိုက်ပြီး သတ်ဖြတ်ပါတယ်။ စာပေ၊ ပိဋကတ်တော်ကြီးများကို မီးတိုက်ဖျက်ဆီးကြရာတွင် လနှင့်ချီပြီး မီးလောင်၍နေတယ်" လို့ မှတ်တမ်း တင်ထားပါတယ်။

အိန္ဒိယမှာ ဗုဒ္ဓဘာသာ လွှယ်ပရခြင်း အကြောင်းတစ်ရပ်တွင် ဟိန္ဒူ တို့၏ ပယောဂနှင့်ရက်စက်မှုတို့ပါဝင်သော်လည်း အပြီးတိုင် အမြစ်ပါမကျန် သုတ်သင်ခံရခြင်းမှာ မူဆလင်တို့ကြောင့် ဖြစ်ပါတယ်။ ဤကဲ့သို့ များပြားလှသော ရဟန်းတော်များ နှင့် ဗုဒ္ဓတက္ကသိုလ်ကျောင်းတော်ကြီးများကို အလွယ် တကူ ဖျက်ဆီးနိုင်ရခြင်း အကြောင်းကတော့ ဗုဒ္ဓ ရဟန်းတော်များ အနေဖြင့် တုတ်၊ဓါး၊ လက်နက်ဆိုလျှင် လုံးဝမကိုင်ရလေတော့မြင်းစစ်သည်တစ်ထောင် မပြောနှင့် လက်နက် ကိုင် အနည်းငယ်ခန့် ဆိုလျှင်လည်းခံရမှာပါပဲ။ လက်နက်ရှိနဲ့ လက်နက်မဲ့တို့၏ ဓမ္မတာပါပဲ။

ဗုဒ္ဓဘာသာရဟန်းတော်တို့က ဝိနည်းတော်နဲ့ အညီကျောင်းသီးခြား၊ ဝတ်ရုံသင်္ကန်းသီးခြားဆိုတော့ရှာဖွေသုတ်သင်ပြစ်ဖို့ လွယ်ပေမယ့် ဟိန္ဒူဘာသာကို

ဦးဆောင်ကြတဲ့ ဟိန္ဒူ ပြဟ္မဏတွေ ကျတော့ ယရာ ဝါသ နယ်ထဲမှာ ရှာဖွေရတာ သိပ်မလွယ်လှဘူး။ သူတို့ ခန္ဒာကို ယ်ထဲမှာသာ ဝှက်ထားတဲ့ စလွ ယ်ကို အဓိကထားရှာဖွေပြီးမှသတ်ဖြတ်ရပါတယ်။ဒါဟာလည်း ဟိန္ဒူဘာသာတို့ ဂျိန်းဘာသာတို့ဟာ အိန္ဒိယမှာ ကြွင်းကျန်တဲ့ ရပ်တည် နိုင်ခဲ့တဲ့ အကြောင်းရင်း တစ်ရပ်ဖြစ်ပါတယ်။ မဂိုဘုရင် အော်ရန်စစ် လက်ထက်မှာ ဟိန္ဒူတို့ရဲ့ ဘာသာရေး ဦးစီးဦးဆောင် ပြဟ္မဏများကို ရှာဖွေ၍ ဖမ်းဆီးသတ်ဖြတ်ခဲ့ပါတယ်။ ဟိန္ဒူ ပြဟ္မဏတွေဟာ ယရာ ဝါသ နယ် မှာလူတွေနဲ့ ရောနှောပြီး ရုတ်တရက် ရှာဖွေရ မလွယ်ပေမယ့် မဂိုဘုရင် အော်ရန်ဇစ်ဟာ တစ်နေ့ တစ်နေ့ ဟိန္ဒူ ပြဟ္မဏစလွယ် (၅) ပိဿာရမှ မျက်နှာတော်ကြည်ပြီး ပွဲတော်တည်တယ် လို့ဆိုပါတယ်။ ဒါကြောင့် နေ့စဉ် နေတိုင်း ဟိန ဒူ ပြဟ္မဏစလွယ် ( ၅ )ပိဿာ ရအောင် မူဆလင်စစ်သားတွေကရှာဖွေကြရပါတယ်။ သူတို့ရှာဖွေကြပုံက ဘယ်လိုလဲဆိုတော့ သူတို့ရှာဖွေစုံစမ်းလို့ ဟိန္ဒူ ပြဟ္မဏ တစ်ယောက်ေ ယာက်ကို ဖမ်းမိလျှင် သင်ဘာအယူလဲလို့ ပထမမေးပါတယ်။ အမေးခံရသူက ကျွန်တော် အစ္စလာမ်ပါ လို့ ပြန်လည်ဖြေကြားလျှင် အေး အစ္စလမ်ဆိုလျှင် ဒီစလွယ်ကို မလွယ်ရဘူး။ နောက်တစ်ခါထပ်ပြီးတွေ့ရင် သတ်ပစ်မယ်လို့ ခြိမ်းခြောက်ပြီး စလွယ်ကို ဓားဖြင့်ဖြတ်ယူ ပါတယ်။ ဒါပေမယ့် အမေးခံရသူက အယူပြင်းထန်လို့ ကျွန်တော်ဟိန္ဒူဘာသာ လို့ဖြေခဲ့လျှင် ဦးခေါင်းကို ဖြတ်ပြီး ဒီစလွယ်ကို ဖြတ်ယူပါတယ်။

အော်ရန်ဇစ် ရက်စက်မှုကြောင့် သူလည်းသေရော ဟိန္ဒူ မဟာရတ်သာတို့၊ ဂုဂျရတ်တို့၊ ဆစ် (ခ)တို့အားလုံးက တော်လှန်ပုန်ကန်ကြပါတယ်။ ဗုဒ္ဓဘာသာတွေမှာတော့ ရဟန်းတော်တွေဆိတ်သုဉ်းသွားပြီးမို့နာလန်မထူနိုင်တော့ပဲ နောင်နှစ်တော်တော်ကြာတော့ အပြီးအပိုင် အိန္ဒိယနိုင်ငံမှ ပျောက် ကွယ်သွားရ ပါတယ်။

အထက်က တင်ပြခဲ့တာတွေဟာ အိန္ဒိယတိုက်နယ်မှာ ဘာသာရေး နယ်ချဲ့ အဓွမခံရပုံ သမိုင်း ကြောင်းအကျဉ်းပါပဲ။ အိန္ဒိယပြည်ဟာ ခဲမှန်ဘူးတဲ့စာသူငယ်လို နောက်ဆုံး ၁၉၄၉ ခုနှစ် အင်္ဂလိပ်ထံမှ လွတ်လပ်ရေးရယူတဲ့အချိန်မှာ ၄င်းပိုင်နယ်မြေထဲက မူဆလင် အများစုနယ်မြေကို မချိတင်ကဲ ဖဲ့ပေးလို က် ရပါတယ်။ အဲဒီတုန်းက အိန္ဒိယအမျိုးသား ခေါင်းဆောင်ကြီး များ ဖြစ်ကြတဲ့ မဟတ္တမဂန္ဒီတို့ နေရူးတို့က မူဆလင်တွေ သီးခြားခွဲမထွက်စေချင်ဘူး။ သူတို့ကို အထူးဦးစားပေးပြီး ဥပဒေတစ်ရပ်ပြဌာန်းပြီး ဟိန္ဒူနဲ့ တန်းတူရည်တူလက်တွဲပြီး နေစေချင်ပါတယ်။ ဒါပင်မယ့် မူဆလင်ထုကြီးနဲ့ သူတို .

ခေါင်းဆောင် ဒေါက်တာဂျင်းနားတို့က ဖိအားပေးပြီးခွဲထွက်ဖို့ ဆောင်ရွက်ကြပါတယ်။

ဟိန္ဒူတွေက ဘုရားကြည်ညိုတဲ့ မဟတ္တမဂန္ဒီကလည်း မူဆလင်တွေ ဘယ်လိုရန်စစ ရန်စွာစွာ သည်းခံဖို့ အလျှော့ပေးပြီး ပေါင်းဖို့ဆောင်ရွက်နေတော့ သီးခြားနိုင်ငံခွဲထွက်လိုတဲ့ မူဆလင်တွေရော ခံ နရတဲ့ ဟိန္ဒူတွေကပါ အခက်တွေ့နေကြပါတယ်။

အဲဒီလိုနဲ့ ၁၉၄၇ - ခုနှစ် ရက်တရက်မှာ လက်တွေ့အကောင်အထည်ဖော်ရမယ့်နေ့လို့ သတ်မှတ်ပြီး မူဆလင်တွေဟာ အချိန်းအချက်ပြုပြီး ဂျလီဝါနာဘတ်(ဂ်)ခေါ်တဲ့ ခရိုင်အတွင်းမှာ ဟိန္ဒူထောင်ပေါင်းများစွာကို သတ်ဖြတ်ခဲ့ပါတယ်။ နောက်ပြီးတော့လည်း စစ်တ ကောင်း နဝခါလီခရိုင်မှာ ဟိန္ဒူရာဂျာ မိသားစုများမှ အစ ဟိန္ဒူထောင်ပေါင်းများစွာကို သွေးအေးအေးနဲ့ ဆိတ်များ၊သိုးများ သတ်သလို ဝိုင်းဝန်းပြီးတော့ သတ်ဖြတ်ခဲ့ကြပါတယ်။

မူဆလင်တွေက လက်ဦးမှုရတော့ ဟိန္ဒူတွေခံလိုက်ရပါတယ်။ ဒါပင်မယ့် သူတို့က ပါးကြလျှင် ကြတယ်။ သတ်လို့ပြီးတော့ အိ န္ဒိယပြည်မှ ခွဲထွက်ရေးကို မလိုးလားတဲ့ ဟိန္ဒူတို့ ဘုရားလိုကိုးကွယ်တဲ့ မဟတ္တမဂန္ဒီကြီးထံ ချဉ်းကပ်ကြပါတယ်။ ' ပြီးတာတော့ပြီးခဲ့ပါပြီ ' နောက်ထပ် ဟိန္ဒူ မူဆလင် မကွဲရအောင် ဆိုပြီး ' လိမ္မာပါးနပ်တယ်ခေါ်မလား၊ ကောက်ကျစ်ယုတ်မာတယ် ' ခေါ်မလား ချဉ်းကပ်တော့ မဟတ္တဂန္ဒီကလည်း ခွန္တီပါရမီဦးထိပ်ထားသူပီပီ ဟိန္ဒူများတဲ့ ဒေသတွေမှာ ပြန်ပြီး လက်စားမချေဖို့ လက်တုန့်မပြန်ဖို့ သူ့စကားနားမထောင်လျှင် သူအစာတော်ခံမယ်လို့ အားလုံးကို ခြိမ်းခြောက်ပါတယ်။

ဟိန္ဒူခေါင်းဆောင်တွေကလည်း အခံရခက်၊အနေခက်နဲ့ အခက်တွေ့နေဆဲမှာ ဟိန္ဒူအယူသည်း အဖွဲ့အစည်းထဲက ဂေါ့ (ဒ်)ဆေးအမည်ရှိသူတစ်ဦးက နာကျည်းပြီးတော့ မဟတ္တဂန္ဒီကို သတ်လိုက်ပါ တယ်။ ဒါနဲ့ ဟိန္ဒူတွေလည်း မိအေးနှစ်ခါနာလိုက်ရပါတယ်။ မြွေပါလည်းဆုံး သားလည်းဆုံး ဆိုသလိုပေါ့။

ဒါနဲ့ အိန္ဒိယတိုက်ငယ်ရဲ့ ယဉ်ကျေးမှုဓလေ့တစ်ခုဖြစ်တဲ့ ခေါင်းမြီးခြုံဓလေ့ဟာ မူလက အိန္ဒိယမှာ မရှိပါ။ မူဆလင်ဘုရင်အသီးသီးတို့ အိန္ဒိယနိုင်ငံအတွင်း ဝင်ရောက်၍ နယ်မချဲ့မီက ဟိန္ဒူမိန်းမတွေဟာ လွတ်လွတ်လပ်လပ်သွားလာခဲ့ကြပါတယ်။ မူဆလင်တွေ ဝင်ရောက်ပြီးမှ ဟိန္ဒူအမျိုးသမီးတွေက မူဆလင်များ နည်းတူအိမ်တွင်းပုန်းဓလေ့ကို လိုက်နာကြပြီး နောင်အခါအမှာ ထုံးစံတစ်ရပ်ဖြစ်လာပါ တယ်။

နောက်ပြီး ဘာသာရပ်စကားအသစ်ဖြစ်တဲ့ အုရဒူဘာသာဟာလည်း မူဆလင်တွေ ဝင်ရောက် လာပြီး နောက်ပိုင်းမှ အုရဒူဘာသာစကားရပ်ရယ်လို့ ပါရှင်း ,အာရပ်,ဟင်ဒီဘာသာ

စကားသုံးစုရော နောပြီး ပေါ်ပေါက်လာပါတယ်။

ကျွဲနွားများကို ဟိန္ဒူဘာသာ ဝင်တွေဟာ လူတို့ရဲ့အသက် ဆန်စပါးစိုက်ပျိုးရာတွင်လည်းကောင်း၊ နို့ ၊ ဒိ နိ်ခဲ ၊ ထောပတ် အစရှိသော အာဟာရကိုလည်းကောင်း၊ ရရှိကြလို့ အလွန်ချစ်မြတ်နိုးကြပါတယ်။ ဒါပင်မယ့် မူဆလင်တွေကျတော့ နှစ်စဉ်တွန်ဘာနီအစ်နေ့များမှာ နွား၏ လည်မျိုကို ဓါးဖြင့်လှီးဖြတ်၍ သတ်စားခြင်းအားဖြင့် ဘာသာရေးအထိမ်းအမှတ်ပြုကြလို့ အိန္ဒိယနိုင်ငံမှာ ပင်ရင်းဒေသခံဟိန္ဒူတွေ အတွက် ကြိမ်မီးအုံးသကဲ့သို့ နှစ်စဉ်ခံစားကြရပါတယ်။

ဤမျှနဲ့ပဲ အိန္ဒိယတိုက်ငယ်နှင့် အစ္စလာမ်ဘာသာရေးအကြောင်းကို အကျဉ်းရုံးပြီး တင်ပြလိုက်ရပါတယ်။

## အတွက်များက ရတက်ပွားရ

ရှေးတုန်းက အိန္ဒိယနိုင်ငံဟာ ဒီနေ့မြန်မာနိုင်ငံထက် ဗုဒ္ဓသာသနာရောင် ဝါ ပိုမိုထွန်းကားခဲ့တာကို လေ့လာသိရှိရပါတယ်။ ဘယ်လောက်ထွန်းကားသလဲဆိုတော့ (၁)ဒီနေ့ မြန်မာနိုင်ငံမှာ ရဟန်းတော်တွေ သုံးသိန်းသာရှိပေမယ့် အိန္ဒိယမှာတော့ (၁၀)သန်းကျော်အောင် ရှိခဲ့ခြင်း၊ (၂) ဒီနေ့ မြန်မာနိုင်ငံမှာ ရန်ကုန်, မန္တလေးပရိယတ္တိတက္ကသိုလ်ကြီးတွေ နှစ်ခုသာရှိပင်မဲ့ အိန္ဒိယမှာ (၁၀)ခု အထိရှိခြင်း၊ (၃)မြန်မာနိုင်ငံ တက္ကသိုလ် တစ်ခုတစ်ခုမှာ စာသင်သား (၄၀၀)ကျော်သာ ရှိပေမယ့် အိန္ဒိယ တက္ကသိုလ်တိုင်းမှာ နှစ်သောင်း ကျော်တောင် ရှိခဲ့ခြင်း စတဲ့ အချက် (၃)ချက် ကိုကြည့်လျှင်သိနိုင်ပါတယ်။

သို့သော်လည်း ဒီနေ့ ဒီအချိန်အခါမှာ အိန္ဒိယရောက်ရင် ဗုဒ္ဓဘာသာ ဝင် တစ်ယောက်တွေ့ဘို့ရာ ရေဒါတို့ ကွန်ပြူတာတို့နှင့် ရှာတောင် တွေ့ဘို့ခဲယဉ်းတဲ့ အခြေအနေကို ဆိုက်ရောက်နေပါပြီ။ ဒါကြောင့် တို့နိုင်ငံကိုတော့ မ ဝါးမျိုနိုင်ပါဘူးလို့ ကိုယ့်ဟာကိုယ်အထင်ကြီးပြီး အတွက်များလို့ကတော့ ရတက်ပွား ပါလိမ့်မယ်။ ယခုလည်း မြန်မာတိုင်းရင်းသူတွေ တစ်စတစ်စဝါးမျိုးခံနေရတာတွေ့ကြရမှာပါ။

## အင်ဒိုနီးရှား, မလေးရှား , စင်ကာပူနိုင်ငံများကို မူဆလင်တို့ဝါးမျိုခြင်း

ခ-ပ ၂၃၂ မှ ၂၇၃ အထိ ထီးနန်းစိုးစံခဲ့တဲ့သီရိဓမ္မာသောကမင်းကြီးဟာ ကိုးတိုင်းကိုးဌာနကို သာသနာပြုစေလွှတ်ခဲ့ရာ သု ဝဏ္ဏဘူမိဆိုတဲ့ဌာနတစ်ခုပါဝင်ခဲ့ပါတယ်။

အိန္ဒိယပြည်နာလန္ဒာတက္ကသိုလ်ပျက်ကြီးကိုယနေ့(၂၁)ရာစုခေတ်မှာတူးဖော်ရာမှရရှိသော ကျောက်စာမှတ်တမ်းပုရပိုက်အရ သု ဝဏ္ဏဘူမိ ဆိုတာ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူစသော နိုင်ငံ(၃)နိုင်ငံဖြစ်ကြောင်း သိရပါတယ်။ မြန်မာနိုင်ငံရှိ သထုံပြည်ကို သု ဝဏ္ဏဘူမိလို့ ခေါ်ဝေါ်တာဟာ ရာစုနှစ်ပေါင်း အတန်ကြာမှ အင်ဒိုနီးရှား စတဲ့နိုင်ငံ (၃)နိုင်ငံကို အမည်မှည့်ခေါ်ဟန်ရှိကြောင်း သမိုင်းသုတေသီတို့က ဆိုပါတယ်။ ယင်းနို င်ငံများရှိ ဘုရင်ရော ပြည်သူပြည်သားတွေပါ ဗုဒ္ဓဘာသာဖြစ်ခဲ့ကြပါတယ်။

ငင်းပြင် ထိုဗုဒ္ဓဘာသာ ဘုရင်များတွင် ၇- ရာစုမှာ စုမတြာကျွန်း တောင်ပိုင်း လင်းတန်းမြို့၌ ထီးနန်းစိုက်တဲ့ သိရီ ဝိဇယမင်း လက်ထက်မှာ ဗုဒ္ဓဘာသာအလွန်ပင် ထွန်းကားခဲ့ပါတယ်။ ထိုမင်း၏ သိရီ ဝိဇယ ယူနိဘာ ဗီတိတက္ကသိုလ်ကြီးမှာ ဂုဏ်သတင်းမွှေး၍ အခြားနိုင်ငံမှ စာသင်သားရဟန်းတော်များ ဝင်လာမစဲတသဲသဲဖြစ်ခဲ့ဘူးပါတယ်။ ထိုမင်းရဲ့ အင်ပါယာနဲ့ ဗုဒ္ဓဘာသာဟာလည်း အင်ဒိုနီးရှားကျွန်းဆွယ် စုအားလုံးအပြင် ပတ် ဝန်းကျင် နယ်ပယ်တွေပါ ပြန့်နှံ့သွားပါတယ်။

ဒီလိုနဲ့ ဗုဒ္ဓသာသနာရောင် ဝါ အဲဒီကျွန်း စုတွေမှာ (အေဒီ - ၃ ရာစုမှ အေဒီ ၁၄ ရာစုအထိ) နှစ်ပေါင်း ၁၈၀၀ လောက် ထွန်းကား ပြန့်နှံ့ခဲ့ပြီး ကမ္ဘာကျော် ကမ္ဘာ့အံ့မခန်းဖြစ်တဲ့ ဗောဒေါ်ဗုဒ္ဓေါစေတီ တော်ကြီးနဲ့ စေတီပုထိုးပေါင်း မြောက်မြားစွာတည်ဆောက်ခဲ့ပါတယ်။ ယဉ်ကျေးမှုလည်း အလွန်လက်ရာ မြောက်ခဲ့ပါတယ်။

စေတီတော်ကြီးဟာ ကမ္ဘာမှာ အကြီးဆုံး စေတီတော်ကြီးဖြစ်ပြီး ဘိုးတော်ဘုရား မပြီးစီးတဲ့ မင်းကွန်းပုထိုးတော်ကြီး ထက်လည်း ကြီးမားပါတယ်။ ဖိနပ်တော်မှာ မျက်နှာတစ်ဘက်စီတွင် ၃၉၄ - ပေ ရှည်လျားပြီး စတုရန်းပတ်လည်ရှိပါတယ်။ စေတီရံပေါင်း ရုပ်ပွားတော်ပေါင်း မြောက်များစွာနဲ့ အလွန် ခမ်း ခမ်း နားနားရှိလို့ ကမ္ဘာ့အမွေအနှစ် ရှေးဟောင်းယဉ်ကျေးမှုအဖြစ် ကမ္ဘာ့ကုလသမဂ္ဂနဲ့ အင်ဒိုနီးရှား အစိုးရအကူအညီနဲ့ ဒေါ်လာသန်းပေါင်းများစွာနဲ့ ပြုပြင်ခဲ့လို့ (၁၉၈၃)ခုနှစ် လောက်ကအောင်မြင်စွာပြုပြင်ပြီးစီးပြီးဖြစ်ပါတယ်။ အဲဒီလို ကမ္ဘာ့ ကုလသမဂ္ဂနဲ့ အင်ဒိုနီးရှားအစိုးရတို့ ပူးတွဲပြီး ကမ္ဘာ့ယဉ်ကျေးမှု အမွေသဘောနဲ့ ပြုပြင်ခဲ့တဲ့ ဗောဒေါ်ဗုဒ္ဓေါ စေတီတော်ကြီးရဲ့ စေတီ တော်တော်များကို မူဆလင် အယူ သည်း အကြမ်းဖက်အုပ်စုတစ်စုက ဖောက်ခွဲ ပျက်စီးပစ် ကြပါတယ်။ ဒေါ်လာ ၂၅ သန်းကျော်ကုန်ကျတဲ့ ပြုပြင်မှုမှာ (၁၀)နှစ်ခန့် နောက်ကျသွားကြောင်း ဆိုပါတယ်။

ဗုဒ္ဓဘာသာဝင်များ ထိုကျွန်းသို့ ရောက်ရှိပြီးနောက် ခပ - ၄ ရာစုခန့်တွင်

ဟိန္ဒူဗုဒ္ဓဘာသာဝင် ပလ္လ ဝါကုန်သည်များ သွားရောက်ကြပြီး နယ်သစ် ပယ်သစ် တည်ဆောက်ကြပါတယ်။ ပလ္လ ဝါမင်းများဟာ နိုင်ငံငယ်လေးများ အဖြစ်နေကြစဉ် အိန္ဒိယနှင့် ကူးလူးဆက်ဆံကာ ဟိန္ဒူပြဟ္မဏအယူ ဝါဒကို ကိုးကွယ် ကြပါတယ်။

သိရိဓမ္မသောကမင်းကြီး ထိုကျွန်းစုကို သာသနာပြုပြီးနောက် နှစ်ပေါင်း (၁၅၀၀)ခန့် အကြာမှာ ထိုကျွန်းစုများသို့ မူဆလင်အာရပ်ကုန်သည်များသည် လည်းကောင်း , အိန္ဒိယသား မူဆလင်များသည် လည်းကောင်း စတင်၍ ကုန်စည်ကူးသန်းရောင်း ဝယ်ဖောက်ကားရင်း အခြေချလာရောက် နေထိုင် ကြ ပါတယ်။
ယင်းကျွန်းစုများတွင် ဟိန္ဒူနှင့် ဗုဒ္ဓဘာသာ သာသနာကြီးနှစ်ရပ် ယှဉ်ပြိုင်ထွန်းကားပြီး အချင်းချင်း အံ့သြလောက်အောင် ရိုသေလေးစား၍ ညှိနှိုင်းဆွေးနွေးကြရန် အဆောက်အအုံကြီးများရှိပါတယ်။ ယင်းသို့ အထက်တန်းကျကျ ယဉ်ကျေးနေကြပုံမှာ ကမ္ဘာက အတုစံနမူနာ ယူထိုက်တာတွေ့ရ ပါတယ်။ ထိုစဉ်အခါက အနောက်နိုင်ငံများတွင် ဘာသာရေးနှင့်စပ်လျဥ်း၍ ညှိနှိုင်းဆွေးနွေးဖို့ ဝေးစွ အကြီးအကျယ် စစ်ပွဲဆင် နွှဲ သတ်ဖြတ် ရက်စက်ကြမ်းကြုတ်နေဆဲဖြစ်ပါတယ်။

အဲဒါနဲ့ အာရပ်ကုလား မူဆလင်တို့ အခြေချရာမှကျွန်းသူတွေနဲ့ရင်းနှီးပြီး လက်ထပ်မျိုးပွားကြပါ တ ယ်။ လူဖောက်သာသနာပြုကြပါတယ်။ အဲဒီကျွန်းစုတွေမှာ မူဆလင်ကုန်သည်တွေက အနုနည်းဖြင့် လူဖောက်သာသနာပြုချိန်မှာ တစ်ဖက်မှ မူဆလင်စစ်တပ်များက ဥရောပသို့ အပြင်းအထန် ချီတက် တိုက်ခိုက်နေချိန်ဖြစ်ပါတယ်။ ဒီလိုနဲ့ လူဖောက်လို့ မူဆလင်ဦးရေများပြီး အင်အားတောင့်တင်းလာတဲ့ အရပ်တွေမှာ ဟိန္ဒူဗုဒ္ဓဘာသာခေါ်တဲ့ ဘုရင်တွေဖြုတ်ပြီး စု (လ်)တန်လို့ခေါ်တဲ့ မူဆလင်ဘုရင်ငယ်တွေကို တင်မြှောက်ပါတယ်။

မြန်မာနိုင်ငံမှာလည်း အချို့နေရာတွေမှာ မူဆလင်တွေကို ရ .ဝ. တတို့ , ဘာတို့ တင်မြှောက်ထားကြတာ အန္တရာယ်ကြီးလှကြောင်း ဒီအချက်က သာဓကေ ြပနေပါတယ်။ ရွှေမြန်မာတို့ သတိပြုစရာပါ။ ဒီလိုဖြုတ်ပြီးနောက် ရဟန်းတော်တွေကို ခေါင်းဖြတ်သတ်ခြင်း၊ အရှင်လတ်လတ် မီးရှို့သတ် ဖြတ်ခြင်း၊ ဗုဒ္ဓဘာသာကိုးကွယ်သူတွေကို သတ်ဖြတ်ခြင်း၊ ထောင်ချခြင်း စတာတွေလုပ်ခဲ့တဲ့အတွက် အင်ဒိုနီးရှားစတဲ့ နိုင်ငံတွေမှာ ဗုဒ္ဓဘာသာဟာ ကြက်ပျောက် ငှက်ပျောက် ပျောက်ကွယ်ခဲ့ရပါတယ်။

အင်ဒိုနီးရှားကျွန်းစုတွေရဲ့ ချောင်ကျတဲ့အရပ်တွေမှာ ဗုဒ္ဓဘာသာ အဆက်အနွယ်များဆိုလို့ လူတစ်၊နှစ်ပိုင်း တစ်ပိုင်းမှ နှစ်သန်းခန့်ရှိပြီး ဘုရားမရှိ၊ ကျောင်းမရှိနဲ့ အမည်မျှသာခံပြီး ယောင်ချာချာနဲ့ အဆက်ပြတ်နေတဲ့ ဗုဒ္ဓဘာသာနွယ်များရှိကြော င်းကို ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ အင်ဒိုနီးရှားသာသနာပြုမှတ်တမ်းစာမျက်နှာ ၉၃ မှ ၉၆ အတွင်းမှာဖတ်ရှုနိုင်ပါတယ်။

အင်ဒိုနီးရှားလူမျိုးတို့ဟာ မူဆလင်တို့၏ ဝါးမျိုခြင်းကိုခံခဲ့ရသောလည်း ယနေ့တိုင် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုနှင့် ဘာသာစကားသုံးစွဲမှု အငေ တ်များများတို့ကို မစွန့်လွှတ်ကြပါချေ။ နိုင်ငံပိုင် အင်ဒိုနီးရှား လေကြောင်း ကုမ္ပဏီကြီးအား ဂဠုန်ဟူ၍ လည်းကောင်း၊ ကမ္ဘာကျော် အင်ဒိုနီးရှားသမ္မတကြီး ဆူဟာနို၏ အမည်မှာ ပါဠိသံဖြင့် ' သုကဏ္ဏ' ဖြစ်ပြီး (သု - လှပသော၊ကဏ္ဏ- နား ) လှပသောနားပိုင်ရှင်ဟု အဓိပ္ပါယ်ရပါသည်။ ဘုရားရှင်လက်ထက်အခါက မဠကုဏ္ဍလီ သတို့သားကဲ့သို့ ခေါ်ဝေ ါ်ခြင်းဖြစ်ပါသည်။

ယခုထက်တိုင်အောင် အင်ဒိုနီးရှား လူမျိုးတစ်ဦးဦး၏ နောက်ကျောကို အမှတ်မဲ့ထုလိုက်ပါက 'ဝုဒ် ' ဟု ဗုဒ္ဓဘုရားကို ရှေးမိဘဘိုးဘွားတို့ ထားခဲ့သည့်အတိုင်း ယောင်ယမ်းမြည်တမ်းလေ့ရှိနေပါသည်။

အင်ဒိုနီးရှားကျွန်းစုအနီး ယနေ့စင်ကာပူခေါ်တဲ့ နိုင်ငံဟာရှေးက ပါဠိဘာသာနဲ့ ဝင်ဟမူရခေါ်တဲ့ ခြင်္သေ့နိုင်ငံဖြစ်ပါတယ်။ ဒီနေရာမှာ အင်ဒိုနီးရှား ကျွန်းစုပေါင်း ၃၀၀၀ကျော်နဲ့ စင်ကာပူ၊မလေးရှားတို့မှာ များပြားလှတဲ့ ဗုဒ္ဓဘာသာ ဝင်တွေဟာ မူဆလင်တွေ ဒီအရပ်ကို စတင်အခြေချပြီး အပြီးတိုင် ဝါးမျိုခြင်းကို ခံရသည်အထိ နှစ်ပေါင်း ၂၅၀ မှ ၃၀၀ ခန့်ကာလအတွင်းမှာ တိမ်ကောသွားရတာ ဝမ်းနည်းဖို့ ကောင်း သလို သတိသံဝေဂရဖို့လည်းကောင်းပါတယ်။သမိုင်းကြောင်းအရတိကျတဲ့အထောက်အထားများအရ မူဆလင်တွေဟာ တစ်ခါတစ်ရံ စစ်တိုက်၍ အကြမ်းဖက်ခြင်း ဖြင့် သာသနာပြုလိုသလိုတစ်ခါတစ်ရံအနုနည်းဖြင့် လူဖောက်ပြီး သာသနာ ပြုကြကာ နောက်ဆုံး အင်အားများလာတဲ့တစ်နေ့မှအကြမ်းနည်းအနုနည်းနှစ်ရပ်တို့ဖြင့်အနိုင်ယူတတ်ကြပါတယ်။

ဗေဒါပင်ကို ရောမအင်းကြီးတွေ အိုင်ကြီးတွေမှာ တစ်ပင်၊နှစ်ပင် ဆိုသလို တွေ့ခါစမှ ဘယ်သူမှ ဂရုမပြုမိကြဘူး။ တစ်စတစ်စနဲ့ နှစ်အတော်ကြာတော ့ များပြားလာ ဒီလိုများပြားလာရာက နိမ်မရတော့ အင်းကြီးတွေ အိုင်ကြီးတွေ ကန်ကြီးတွေ ကောရသလိုပါဘဲ။ အဲဒီဥပမာကို နောင်လာနောင်သားများ ကြပ်ကြပ်မတ်မတ် ဂရုပြုကြရန် လိုအပ်ပါသည်။

## မြန်မာနိုင်ငံနဲ့ အစ္စလာမ်ဘာသာ

အများသိကြတဲ့အတိုင်းမြန်မာရာဇဝင်မှာစတင်၍ ထင်ထင်ရှားရှားစတင်တဲ့ ပုဂံခေတ်အနော်ရထာမင်းလက်ထက် အေဒီ - ၁၀၄၄ ကာလလောက်မှာ အင်ဒိုနီးရှားကျွန်းစုတွေကို အခြေချဖို့ သွားရောက် ကြတဲ့ အာရပ်၊ အိန္ဒိယ မူဆလ တို့တစ်တွေဟာ ရွက်လွင့်ပြီး သမုဒ္ဒရာကနေ အာရှအရှေ့ဖျားနိုင်ငံများကို ကူးလူးသွားလာနေကြပါတယ်။မြန်မာနိုင်ငံဟာ ဗုဒ္ဓသာသနာထွန်းကားဖို့ရန်အတွက် အလွန်ကံကောင်းပြီး ပင်လယ်ကူးလမ်း ကြောင်းမှ တကူးတကကွေ့ဝင်မှ ရလို့မို့ ကျွန်း ၃၀၀၀ ကျော်ရှိတဲ့ အင်ဒိုနီးရှားကျွန်းတွေကိုပဲ သဲသဲမဲမဲ သွားကြဟန်တူပါတယ်။ ဒါတောင်သင်္ဘောပျက်လို့ ပျဉ်ချပ်ကိုတွယ်ပြီး ဗျတ်ဝိ , ဗျတ္တဆိုတဲ့ မူဆလင် ညီနောင် တို့ သထုံကို ရောက်ရှိလာပါတယ်။ ထိုခေတ်က ပဋိက္ခရာနဲ့ ရွှေအိမ်စည်တို့ ဇာတ်လမ်း၊ ပုဂံနရသူခေါ် ကုလားကျမင်းတို့ ကုလားရစ်ယောက်က လာရောက် လုပ်ကြံပီးနန်းချပုံတို့၊ အောက်မြန်မာပြည်မှာလည်းပဲ ဟံသာဝတီမှာ မွန်အာဇနည် ကွန်အသားမင်းသားနဲ့ ကုလားလန်ဘားတို့ စစ်ခင်းကြပုံတို့ စသည်တို့ဟာ အိန္ဒိယသား တို့မြန်မာနိုင်ငံ ကို အလုံးအရင်းနဲ့ မဟုတ်သော်လည်းဘဲ တစ်စိတ်တစ်ဒေသ အားဖြင့် ရောက်ရှိလာတဲ့ သာဓကတွေပါဘဲ။

ဘာသာရေးနယ်ချဲ့ထွင်လာတဲ့ မူဆလင်စစ်တပ်တွေဟာ ကုန်းလမ်းကလည်း အီရန် , အီရတ်စတဲ့ နိုင်ငံငယ်လေးများတို့ တစ်စတစ်စနဲ့ ဝါးမျိုလာခဲ့ပြီး အိန္ဒိယတိုက်ငယ်သို့ အရောက်မှာ အိန္ဒိယပြည်ကြီးကို ဆင်ခေါင်းခွေးချီဆိုသလို မဝါးနိုင် မမျိုနိုင်ဘဲ ရှိစဉ် ပြီးတော့လည်း မဂိုဘုရင်တွေဟာ စစ်တကောင်း နယ်ထဲကနေ ရခိုင်ပြည်ထဲကို ဝင်ဖို့ တာဆူနေဆဲမှာ ဗြိတိသျှနယ်ချဲ့တို့ . အိန္ဒိယ ပြည်ထဲ ဝင်ရောက်နယ်ချဲ့ ကြလို့ မဂိုဘုရင်တို့ အာဏာမှေးမှိန်ကြရပြီး အိန္ဒိယမှ အရှေ့ဖက်တလွှားမှာ ၎င်းတို့ အန္တရာယ်မှ နိုင်ငံအများ ချမ်းသာမှု ရရှိသွားကြပါတယ်။ ဒါတောင် ရခိုင်အမျိုးသားအများအပြားတို့ မီတင်းနေထိုင်ကြပြီး ရခိုင်မင်းအစဉ်အဆက်တို့ ပိုင်ဆိုင်သည့် ဘင်္ဂလား ၁၂ ခရိုင်ကို လက်လွှတ်ခဲ့ရပါတယ်။ ယင်းဘင်္ဂလား ၁၂ - ခရိုင်တို့ကို ခရစ်နှစ် ၁၆၆၅ ခုနှစ်အထိ ရခိုင်မင်းတို့ကပိုင်ဆိုင်ခဲ့ကြပါတယ်။

စစ်တကောင်းခရိုင်ဆိုလျှင် ရခိုင်မင်းများက ရခိုင်မင်းဆွေ မင်းမျိုး ထဲမှသာ မြို့စားရွာစားများကို ခန့်အပ်၍ ကန်ကျွေးချလေ့ရှိပါသည်။ယနေ့အထိ ဒါကြောင့် ပန်း ဝါ ,

တရပင် , ဖလောင်းချေး စသည့် အရပ်တွေမှာ မြန်မာပြည်နဲ့ မခြား ရခိုင်ဗုဒ္ဓဘာသာ ရွာတွေ ကျောင်းကန်ဘုရားနဲ့ ရွာပေါင်းအမြောက်အများ ရှိပါသေးတယ်။ စစ်တကောင်းနယ် အဝကျွန်းနဲ့ စစ်တကောင်း တောင်တန်းမှာ ဗိုလ်မင်းတောင် , ဖလံတောင်ဆိုပြီး ရခိုင်,မြန်မာ,မွန် ,စမီး , သက်, ဒိုင်းနက်, တောင်ရိုးလူမျိုး (ရှမ်းပြည် ကလောမြို့နယ်၌ လည်းရှိသော) တောင်သာ, ချောင်းသား , မရမာကြီးအစရှိသည့် မြန်မာကြီးလို့ခေါ်သည့် ရှေးမြန်မာ ရခိုင်ဆက်နွယ်များ စသည်ဖြင့် ဗုဒ္ဓဘာသာဝင် ၅ သိန်းကျော်တို့ ဟာ အဲဒီစော်ဘွားနယ်တွေမှာ ယနေ့တိုင် နေထိုင်လျက်ရှိကြပါတယ်။ တောင်တန်း တောင်ထွဋ်တွေမှာ ထုံးဖြူဖြူနဲ့စေတီတွေ တဖွေးဖွေးရှိကြ ပါတယ်။ အဝကျွန်းမှာလည်း ရခိုင် ၊ မြန်မာ ဗုဒ္ဓဘာသာ ဝင်ပေါင်းများစွာ ရှိကြပါတယ်။ (ဒါဟာ အလျဉ်းသင့်လို့ တင်ပြတာပါ )။

ယခု ဒက္ကာခေါ်တဲ့မြို့ဟာ ယနေ့ ဘင်္ဂလားဒေ့ရှ်ရဲ့မြို့တော်ပါပဲ ။ ရှေးရခိုင်ဘုရင်များဟာ မဂိုမူဆလင် တွေရဲ့ရန်ကို ဓါးနဲ့ခုခံကာကွယ်ကြလို့ ဓါးကာလို့ ခေါ်တွင်တဲ့အကြောင်း သိရှိရပါတယ်။ ရခိုင်အမျိုးသား တွေဟာ မူဆလင်ကုလားတွေကို ပြတ်ပြတ်သား ဆန့်ကျင်ခဲ့လို့ ကုလားမနိုင် ရခိုင်မဲလို့ဆိုပြီး စကားပုံရှိတယ်လို့အဆိုရှိပါတယ်။ ရခိုင်တွေဟာ မိမိအမျိုး မကွယ်ပျောက်ရေးအတွက် သဲသဲမဲမဲခုခံကာကွယ်တာတောင်မှ ရခိုင်မင်း တွေဟာ မူဆလင်တွေရဲ့ လောင်းရိပ်က မကင်းနိုင်ဘဲ မဂိုဘုရင်တို့ အကြိုက်လိုက်ကာ ရခိုင်ဘုရင် နရနုမင်းက အာလီခန်၊မင်းကပေါင်က ဟူဆိန်ရှား၊ဘစောဖြူမင်းက ကလီမာရှား စသည်ဖြင့် မူဆလင်အ မည်ဖြင့် ယှဉ်တွဲပြီးေ တာ့ ဘွဲ့တံဆိပ်ခေါ်ခဲ့ကြပါတယ်။

ရခိုင်ယဉ်ကျေးမှုဟာ မူဆလင်ယဉ်ကျေးမှုလောင်းရိပ် အချို့နေရာတွေမှာ ဝင်ရောက်ခဲ့ပါတယ်။ဘစောဖြူ(ခရစ်နှစ် ၁၄၅၈) မင်းလက်ထက်မှာ နန်းတွင်းစာဆိုပညာရှိရဲ့အမည်မှာ အပ္ပဒူမင်းလို့ အမည်ရဲ့ရှေ့မှာ ' အပ္ပဒူ ' တပ်ပါတယ်။ အစ္စလာမ်ဘာသာရဲ့ လော င်းရိပ်အကျခံတာပါပဲ။ ရခိုင်အမျိုးသမီးတွေကလည်း ပြည်မရှိ မြန်မာအမျိုးသမီးများလောက် လွတ်လွတ်လပ်လပ် သွားလာခြင်း မရှိဘဲ မူဆလင်ကုလားမများနည်းတူ အိမ်တွင်းပုန်းဆန်ဆန် ဓလေ့ကို ကျင့်သုံးကြတာတွေ့ရပါတယ်။

နေ့စဉ် စားသောက်ကြဖို့ ဈေးဝယ်ကြရာမှာလည်း အမျိုးသမီးများ က ဈေးဝယ်မထွက်ဘဲ အမျိုးသားများကသာ နေ့စဉ် ဈေးဝယ်ထွက်ကြပါတယ်။ အစ္စလာမ်ကလာတဲ့ ဒီလိုယဉ်ကျေးမှုတွေဟာ ဘာသာခြား လူမျိုးခြား အခြား အမျိုးသမီးပျိုတွေကို ရအောင် သိမ်းသွင်းယူဖို့ ကြံရွယ်ကြပြီးေ တာ့ မိမိ တို့ဘက်က

အမျိုးသမီးတွေကိုတော့အတတ်နိုင်ဆုံးထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြတဲ့သဘောပါပဲ။ရခိုင်ပြည်နယ်မှာ ပထမဦးစွာ မူဆလင်တွေအစုလိုက် အပြုံလိုက် အခြေချခဲ့တာတွေကတော့ မဂိုဘုရင် အော်ရန်ဇစ်ရဲ့ ညီတော်ဖြစ်တဲ့ ရှုဂျာမင်းသားဟာ သူ့နောင်တော်ကို တော်လှန်ပြီး စစ်ရှုံးလို့ ရခိုင်မင်းလက်အောက်မှာ လာ ကက်ပြီးခိုလှုံရတဲ့ ရခိုင်ဘုရင် ဓန္ဒသုဓမ္မမင်းလက်ထက်မှာ ဖြစ်ပါတယ်။

ယင်းခေါင်းဆောင် ရှုဂျာမင်းသား၏ အမည်ကိုအစွဲပြု၍ သူ့နောက်ပါနောက်လိုက်ရံရွေတော်တို့ကပေါက်ဖွားလာကြတဲ့မူဆလင်တွေကိုရှုဂျာရခိုင် မူဆလင်တွေလို့ ယနေ့ခေါ်ကြပါတယ်။ ဝတ်ဆင်ရာမှာ ရှေးရခိုင်များနည်းတူ တောင်ရှည်ပုဆိုး, ရင်ဖုံးအင်္ကျီစသည်ဖြင့် ဖြေ့ ရှ့က ရှေးရခိုင်မြန်မာ့ဓလေ့နှင့်အညီ နေထိုင်ကြပါတယ်။ ဒါပေမယ့် ယနေ့ ရခိုင်မှာရှိတဲ့ ၈၅ ရာခိုင်နှုန်းခန့်ဟာ ခေါ်တောမူဆလင်တွေ ဖြစ်ကြပါတယ်။

မြန်မာပြည်အနေဖြင့် မူဆလင်တို့ အစုလိုက်အပြုံလိုက်လာရောက်ပြီး ဦးစွာ အခြေချသူများနဲ့ ပတ်သက်လို့ ယခင်ကျောင်း သုံး မြန်မာရာဇဝင် ( ဦးဘသန်း B. A ရှင်ဗုဒ္ဓဃောသ၊ ဟိုက်စကူးကျောင်း၊ မော်လမြိုင် ) အခု တောင်ငူမင်းဆက် သာလွန်မင်းတရားလက်ထက် အခြေအနေကို စာမျက်နှာ ၂၇၀ တွင် - ' ဤမှ တစ်ပါး စစ်သုံ့ပန်းလူတို့ကို အမြို့မြို့အရွာရွာတွင် နေရာချထားသည်မှာ များလှ၏။ ပဲခူးတိုင်း ၊ သံလျင်တို က်၊ ရခိုင်တိုက် တို့မှရသော ကုလားပန်းသေးတို့ကို ရွှေဘိုနယ်၊ စစ်ကိုင်းနယ်၊ ရမည်းသင်းနယ်၊ ကျောက်ဆည်နယ်တို့၌ လုပ်မြေကံကျွေးချ၍ နေထိုင်စေသည်။ ၎င်းကုလားတို့ကား အစဉ်အဆက် ကိုယ်ရံတော်တပ်တွင် သေနတ်ကိုင် အမှုထမ်းများ ဖြစ်ကြသည်ဟု မြန်မာသက္ကရာဇ် ၉၉၁ မှ ၁၀၀၀ နှစ်ခန့် အခြေအနေကို ဖော်ပြပါရှိပါသည်။

၎င်း ဦးဘသန်းရာဇဝင်တွင်ပင် အမရပူရခေတ် ၁၂၀၈ - ခု နန်းတက်သော ပုဂံမင်းလက်ထက် အကြောင်းအရာနှင့်စပ်လျဥ်း၍ စာမျက်နှာ ၃၄၈ ၌ မဟာမေဒင်ကုလား မောင်ပိုင်သက်(ခ) ဘိုင်ဆတ်နှင့် မြို့စာရေး မောင်ပိန်တို့ကို မြှောက်စားသဖြင့် ၎င်းတို့ မတရားပြုမူကာ တိုင်းသူပြည်သားများကို ညှဥ်းပန်း နှိပ်စက်ဖန်များ၍ ပြည်သူတို့စိတ်နှလုံး နွမ်းနယ်ကြသည်။နောက်၎င်းတို့ကို မတရားညှဉ်းပန်းသမျှ ပြုဖန်များသည်ကို သိရှိ၍ ၎င်းတို့ကို ကွပ်မျက်သည်လို့ ဖော်ပြထားပါတယ်။ ဒီနေရာမှာ သူတို့မကွပ်မျက်မီ ဘယ်လောက်များ ဆိုးသွ မ်းခဲ့ကြပြီး ၎င်းတို့နဲ့ နောက်လိုက်ကုလား အသင်းအပင်းတို့ ဘယ်လောက်ကြီးပွား ဖေ ဖာက်ဖွားခဲ့ကြသလဲ။ မြန်မာဗုဒ္ဓဘာသာအမျိုးသမီးတွေ

ဘယ်လောက်နစ်နာဆုံးရှုံးရသလဲ ဆိုတာ စဉ်းစားစရာပါပဲ။ အမရပူရ ဧ တောင်သမန်အင်းရှိ ပုံးအိုးဆိုတဲ့ကုလားရွာကြီးကိုကြည့်လျှင်သိရှိနိုင်ပါတယ်။ယင်းပုံးအိုးရွာမှကုလားဒိန်အချို့ တို့က ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီကာလ အတွင်းပင် မြေအောက်ဥမင် တစ်မိုင်ကျော်ကျော်ခန့်တူး၍ အမရပူရရှိ ပုထိုးတော်ကြီးများမှ ရှေးမြန်မာဘုရင်တို့ ဌာပနာခဲ့သော ရွှေကိုယ်လေး ငွေကိုယ်လေးနှင့် ရတနာများကို ဖောက်ထွင်းခိုးယူကြ ရာ ဌာပနာအားလုံးကုန်မှ မြန်မာဗုဒ္ဓဘာသာဝင်တို့က သိရှိကြရပါတယ်။ မြန်မာတို့ကလည်း အလွယ်တကူ နလုံးကြီးသည့်အလျောက် ဗုဒ္ဓဘာသာကို အလွန်ကြည်ညိုသော ပဉ္စမသံဂါယနာတင်ဘ၀ရှင်မင်းတုန်းဘုရင်ကပင်မက္ကာမြို့၌ဇရပ်တစ်ဖောင်ဆောက်လုပ် ပေးခဲ့ပါတယ်။၁၉၃၁- ခုမှ ၁၉၅၃- ခု အထိ မြန်မာနိုင်ငံ တစ်ဝိုင်းလုံးတွင် လူဦးရေတိုးတက်မှုမှာ တစ်ဆ ပင်မရှိသော်လည်း မူဆလင်ဦးရေမှာ ငါးဆခန့် အထိ ခုန်တက်လာတာကို တွေ့ရှိရ ပါတယ်။ အများ နားလည် သဘောပေါက်ရန်တင်ပြရလျှင်ယခင်က မြန်မာနိုင်ငံတစ်ဝှမ်း၌ လူ ၁၀၀ လျှင် မူဆလင်ကပြား နှစ်ယောက်ခန့်ပင်မရှိသော်လည်း၁၉၅၃ခုနှစ်တွင် ရှစ်ယောက်ခန့်အထိ ရှိလာပြီဖြစ်ပ ါတယ်။ ပြီးခဲ့တဲ့နှစ်များအတွင်းက စာရင်းကောက်ကြည့်တာ ၂၁ ရာခိုင်နှုန်းအထိတောင် ရှိလာတာတွေ့ရပါတယ်။ ဒါကြောင့် လူမျိုးပျောက်ဖို့ အန္တရာယ် အလွန်ပဲနီးလာပါပြီ။ မူဆလင်တွေဟာ အခြားဘာသာဝင် များနှင့်မတူပဲ လူဖောက်သာသနာပြု တို့လက်ဦးမှု ရယူတာ တို့အပြင် လူလုံးလိုက်လိုမ့်ဝင်ပြီး မတရား ခိုးဝင်လာ ကြတာကြောင့် ဒီလိုများပြားလာခြင်းဖြစ် ပါတယ်။ ရခိုင်ပြည်နယ်မှာဆိုလျှင် ကုလားရခိုင် အဓိကရုဏ်းကြောင့် ရခိုင်နှင့် စစ်တကောင်း နယ်စပ်ဖြစ်တဲ့ ဗူးသီးတောင်နှင့် မောင်းတောနယ်ကြီး နှစ်နယ်မှာရှိတဲ့ ရခိုင်အမျိုးသားနဲ့ တိုင်းရင်းသား ဗုဒ္ဓဘာသာဝင် ၅၀၀၀၀ ကျော်တို့ဟာ မိမိတို့ရဲ့ အိုးအိမ်တို့ကို ပြစ်ခဲ့ရပြီး ရခိုင်ပြည်မထဲကို ပြေးဝင်ပြီး ခိုလှုံရရှာပါတယ်။ အဲဒီ ကုလားရခိုင် အဓိကရုဏ်းမှာ ရေလမ်းမှ သင်္ဘောနဲ့ ပြေးကြရတဲ့ ရခိုင်အမျိုးသားများမှာ သင်္ဘောပေါ်သို့ ငါးပိသိပ်ငါးချဉ်သိပ် လူအပြည့်နဲ့ ထွက်ပြေးကြလို့ သင်္ဘောနစ်စင်း ဟာ ပင်လယ်ပြင်မှာစုံးစုံးနစ်မြုပ်ခဲ့ရပါတယ်။

ယနေ့ အဲဒီ ဗူးသီးတောင်နဲ့ မောင်းတောနယ်ကြီး နှစ်နယ်နှင့် ပတ် ဝန်းကျင်တွင် ကျေးရွာပေါင်း ၂၅၀ ကျော်ခန့်မှာ အိုးပစ်အိမ်ပစ်ပြေးခဲ့ကြရတဲ့ ရခိုင်အမျိုးသားတွေအစား ခေါ်တော မူဆလင် (၆)သိန်း ကျော်ခန့် မတရား ဝင်ရေ ရာက်နေထိုင်လျက်ရှိကြပါတယ်။ ရခိုင်တစ်တန်းလုံးရှိ လူဦးရေရဲ့ သုံးပုံတစ်ပုံခန့်ရှိ ပြီး ရခိုင်တစ်တိုင်းလုံးမှာ

ယနေ့လူဦးရေအများဆုံးနှင့် အထူထပ်ဆုံးနယ်ကြီးနှစ်နယ်ပင် ဖြစ်ပါတော့တယ်။ ၎င်းတို့၏ နည်းဗျူဟာအမျိုးမျိုးတို့နှင့် တစ်စိမ့်စိမ့်ခိုးဝင်နေကြလို့ ၁၉၅၀-ခု အိမ်စောင့်အစိုးရခေတ် တုန်းက ၎င်းရွာပေါင်း ၂၀၀ ကျော်ကို ရခိုင်ပြည်မထဲကိုပို့ပြီး နေရာချရန် လျာထားပြီး ၎င်းတို့နေရာမှ မူလပြေးလာခဲ့တဲ့ ရခိုင်အမျိုးသားတွေကို ပြန်ပြီး နေရာချထားခြင်းအားဖြင့် တစ်စိမ့်စိမ့်ဝင်မှုတွေ ရပ်တန့်သွားအောင် စီစဥ်ခဲ့ပါသေးတယ်။ အကောင်အထည် မဖော်ဖြစ်ခဲ့ပါ။ ယနေ့ ရခိုင်ပြည်နယ်မြို့တော် ဖြစ်တဲ့ စစ်တွေမြို့မှာဆိုလျှင် မူဆလင်ဦးရေဟာ ထက် ဝက်နီးပါးခန့်ပင် ရှိလာပြီဖြစ်ပါတယ်။ လက်ရှိမြန်မာနိုင်ငံရဲ့ မြို့တော် ရန်ကုန်မြို့၊ ဒုတိယ မြို့တော် မန္တလေး အပါအဝင် ရန်ကုန် - မန္တလေး ဆက်သွယ်ထားတဲ့ ရထားလမ်း , ကားလမ်းတစ်လျှောက် မြို့ကြီးများဖြစ်တဲ့ ပဲခူး , ဖြူး, တောင်ငူ, ပျဉ်းမနား , ရမည်းသင်း, ပျော်ဘွယ် သာစည် အစရှိတဲ့ မြို့ကြီးတွေမှာဆိုလျှင် ယနေ့ မြို့နေလူဦးရေ သုံးပုံတစ်ပုံကနေ ထက်ဝက်နီးပါးမျှ တိုးပွားလာပြီဖြစ်ပါတယ်။ မန္တလေးမြို့ရဲ့အထက် ရွှေဘို , ဒီပဲယင်း , မြေဒူးစတဲ့ အရပ်ဒေ တွမှာလည်း ထိုနည်းတူပါပဲ။ ၎င်းတို့ဟာ တစ်စိမ့်စိမ့်ဝင်လာပြီး အထူးသဖြင့် အသိဉာဏ်မပွင့်လင်းတဲ့ တောနယ်တွေမှာ ကြွက်ဝယ်လာတာတို့ ဒန်အိုးဒန်ခွက်နဲ့ အဝတ်အထည်လဲတာ တို့ ဆောင်ရွက်ရင်း တောအုံ ချုံကြား သွားရောက်ကြပြီး လူဖောက်သာသနာပြုကြပါတယ်။ အာရပ်ရေနံ သူဌေးဒေ တွနဲ့အတူ မူဆလင်နိုင်ငံအသီးသီးကအစ္စလာမ်ဘာသာအတွက်ထောက်ပံ့တဲ့ငွေတွေကိုမှောင်ခိုပစ္စည်းနဲ့ ပို့ပြီး ငွေကြေးထောက်ပံ့ကြပါတယ်။ မြန်မာပြည် ဆက်သွယ်ရေးခေါင်းပါးတဲ့ ရှမ်း,ကရင်,ချင်း,ကယားပြည်နယ်ကျေးရွာ အတော် များ များမှာ အသိဉာဏ်နည်းပါး၍ မဖွံ့ဖြိုးသေးဘဲ ရိုးသားတဲ့တိုင်းရင်းသူတွေကို ငွေ နဲ့ လိင်လှုံ့ဆော်ဆေးဝါး ကိရိယာနဲ့ ရုပ်ရှင်ဗွီဒီယိုများနဲ့ လှုံ့ဆော်သိမ်းသွင်းပြီး လိင်သဘော စီးပွားရေးသဘောနဲ့ သာသနာပြုနေကြတယ်။ ဒါကြောင့် မြန်မာ ယိုးဒယားနယ်ခြားမှာရှိတဲ့ ကရင်ပြည်နယ် ဖာပွန်ခရိုင်သံလွင်မြစ်ကမ်းမှာရှိတဲ့ကရင်ရွာကြီး(၅၀)အနက်ထက်ဝက်ကျော်နဲ့ နေရာအတော်များများမှာ သူတို့ ထိုးဖောက်ကြီးစိုးနေပါသည်။

တိုင်းရင်းသားအမျိုးသမီး အမျိုးသားတွေ ဟာ မိမိတို့ တိုင်းရင်းသားနာမည်တွေကို ဖျောက်ပြီးအာမက်တို့ အရှေ့ဆီသို့ ဆိုတဲ့ မူဆလင်ကုလား အမည်တွေကို ပြောင်းကုန်ကြပါပြီ။

မော်လမြိုင် ကျိုက်မရော မွန်ပြည်နယ် ကရင်ပြည် နယ်မှာ ဖြစ်ပွားတဲ့ ပဋိပက္ခတွေမှာ အကြောင်းမဲ့ သက်သက်မဟုတ်ဘဲ အထက်ကပြပါဆိုတဲ့ အကြောင်းရင်းတွေရဲ့ အကျိုးဆက်တွေပဲ ဖြစ်ပါတယ်။ ဗြိတိသျှနယ်ချဲ့ အင်္ဂလိပ်က မြန်မာနိုင်ငံကို

စတင်နယ်ချဲ့စစ်ကြေညာပြီး တိုက်ခိုက်ခဲ့တဲ့ မြန်မာစစ်သူကြီး မဟာဗန္ဓုလလက်ထက်ကနေ ဗိုလ်ချုပ်အောင်ဆန်းတို့ ကျဆုံးခဲ့သည်အထိ ၁၂၃ ခုနစ်ကြာအောင် မြန်မာမြေပေါ်မှာ နယ်ချဲ့ခဲ့ပေမယ့် ၁၉၃၁-ခုနစ် သန်းခေါင်းစာရင်းများအရ အခြားတိုင်းရင်းသားမပါ မြန်မာလူမျိုး (၉)သန်း (၆)သိန်းတွင် လူဦးရေ (၁)သောင်း(၁)ထောင်ကိုသာ ခရစ်ယာန်ဘာသာထဲ သိမ်းသွင်းနိုင်ခဲ့ပါတယ်။ အချိုးအစားအားဖြင့် မြ န်မာလူမျိုးသက်သက် ၉၀၀ ခန့်မှာမှ တစ်ယောက်ကိုသာ သိမ်းသွင်းနိုင်ခဲ့ပါသည်။ (အင်ဒိုနီးရှား ကျွန်းစု ၃၀၀၀ ကျော်နဲ့ ပင်မ အိန္ဒိယပြည်မှာ ဗုဒ္ဓဘာသာဆိတ်သုဉ်းခဲ့ရတာကို သံဝေဂယူပြီး ကျွန်တော်တို့အချင်းချင်း စည်းလုံးပြီး အသိစိတ်ဓါတ်နဲ့ ကာကွယ်ကြပါမှသာ မြန်မာနိုင်ငံဟာ နောင် သားစဉ်မြေးဆက် တည်တံ့နိုင်မည် ဖြစ်ပါတယ်။ ) မြန်မာတွေဟာ ဗြိတသျှတွေရဲ့ နိုင်ငံရဲ့အာဏာ , ရာထူး, ဂုဏ်ရှိန်ဝါ , သားသမီးတွေရဲ့ ပညာရေး စသည်တို့နဲ့ စည်းရုံးတာကို ကြံ့ကြံ့ခံနိုင်ခဲ့ကြပေမယ့် ‘ ဖြေဖြေသိပ်သည်း ရွှေ့ရွှေ့ဆည်း လော့ ’ ဆိုတဲ့စကားလို တရွှေ့ရွှေ့ တစိမ့်စိမ့်နဲ့ ယရာဝါသသွေးသာနဲ့ စည်းရုံးမှုဒဏ်ကိုတော့ ကမ္ဘာ့အရပ်ရပ်က လူများနည်းတူကြာရှည်ခံနိုင်ဖွယ် မရှိပါ။ ဒီလို တစိမ့်စိမ့်နဲ့ အမျိုခံရပြီးတော့ ဘိုးသူတော်ဖြစ်မှန်းမသိ ဖြစ်ရမယ့်အဖြစ်မျိုးကိုတော့ ကျွန်တော်တို့ တစ်နိုင်ငံလုံးဝိုင်းဝန်းတားဆီးကြဖို့လိုအပ်ပါတယ်။ နယ်ချဲ့အင်္ဂလိပ်ခေတ်က ကုလား မူဆလင်တွေဟာ ဗြိတသျှတွေနဲ့ ပေါင်းပြီး မြန်မာမြေ ပေါ်လည်း လာ၍နေသေး ငွေကိုယူ၊ သည်မြေကိုယူသည် ၊ လူကိုပါယူသည် ဆိုသကဲ့သို့ လူကိုပါယူလျှင်လည်း သူ့ကံနဲ့သူ့အကြောင်းပဲဆိုပြီး ဒေသခံမြန်မာတို့က လက်ပိုက်ကြည့် နေကြရပါတယ်။

ဒါပေမယ့် မြန်မာဗုဒ္ဓဘာသာ အမျိုး သားတစ်ယောက်ယောက်က မူဆလင်မအစစ်ကို မဆိုထားဘိ မူဆလင် ကပြားမတစ်ဦးဦး ကိုယူလျှင် ဘာသာဖျက်မှုနှင့် တရားစွဲဆိုခြင်းကိုခံကြရပြီး အမျိုးမျိုး အနှောင့် အယှက်ပေးခံကြရတာ အားလုံးအသိပါပဲ။ ဒီလို သဘောထားအပြု အမူတွေကြောင့်လည်း မူဆလင်တွေ ရောက်ရာ အရပ်တိုင်း ဒေသတိုင်းမှာ ဟိန္ဒူ ဘာသာဝင် တွေနဲ့ လည်းကောင်း၊ ဗုဒ္ဓ ဘာသာဝင် တွေနဲ့ လည်းကောင်း၊ဗုဒ္ဓဘာသာ မြန်မာ , မွန် , ရခိုင် ,ကရင် စသည်တို့နှင့်လည်းကောင်း၊ ဆစ်ခ် ဘာသာဝင်တို့နှင့် လည်းကောင်း၊ ခရစ်ယာန် ဘာသာဝင် တို့နှင့်လည်းေ ကာင်း ပဋိပက္ခ သံသရာ မဆုံးနိုင်ဘဲ ရှိပါတော့တယ်။ ၂၁ - ရာစုနှစ်အတွင်း မြန်မာနိုင်ငံတွင် စစ်ကြိုခေတ်က တစ်ကြိမ် မကြာမီ ဒီနှစ်များ အတွင်းက တစ်ကြိမ်၊နှစ်ကြိမ်တိတိ မြန်မာနှင့် မူ ဆလင်တို့ ပဋိပက္ခဖြစ်ခဲ့ကြပါတယ်။၁၉၃၈ -ဒုတိယ ကမ္ဘာစစ်ကြီးမဖြစ်မီက မော်လဝီရွှေဖီ ဆိုသူက

ရေးသားတဲ့ ' ယောဂီစာတမ်း'ဆိုတဲ့ စာအုပ်အရ ဗုဒ္ဓမြတ်စွာဘုရားကို ပုတ်ခတ်ရေး သားခဲ့လို့ မြန်မာနိုင်ငံ မှာ အထူးသဖြင့် ရန်ကုန် - မန္တလေးမြို့ကြီးများမှာ မူဆလင် ကုလား -မြန်မာ အဓိကရုဏ်း ဖြစ်ခဲ့ရပါတယ်။ ဒုတိယအကြိမ်ကတော့ မကြာသေးမီက မွန်ပြည်နယ်၊ကရင်ပြည်နယ်နှင့် မြစ် ဝကျွန်းပေါ် ဒေသတွေမှာ မူဆလင် ကုလားနဲ့ မြန်မာ တို့ ပဋိပက္ခဖြစ်ခဲ့ကြပါတယ်။ ယင်း သို့ ပဋိပက္ခ ဖြစ်ရခြင်း အကြောင်းအရင်းကတော့မူဆလင်အသိုင်းအဝိုင်းမှာလက်သိပ်ထိုးဖြန့်ဝေတဲ့နိုင်ငံခြားမှလှုံ့ဆော်တဲ့ စာရွက်စာတမ်းများအရ မူဆလင်တစ်ဦးက မြန်မာတိုင်းရင်းသူ ဗုဒ္ဓဘာသာဝင် အမျိုးသမီးတစ်ဦးဦးကို ရတဲ့နည်းနဲ့ယူနိုင် လက်ထက် နိုင်ပါလျှင် ထိုအမျိုးသမီးရဲ့ မိဘအသိုင်းအဝိုင်း ဩဇာရှိမှုနဲ့ ထိုအမျိုးသမီးပညာတတ်မှု မတတ်မှု စသည်ဖြင့် အဆင့်အတန်းကို လိုက်ပြီး လက်ထပ်နိုင်သူ အိမ်ထောင်ဦးစီးဖြစ်သူ မူဆလင် ယောကျာ်းအား လက်ငင်းငွေကျပ်သောင်းနှင့်ချီ၍ ထောက်ပံ့ဆုကြေးပေးမည် ဖြစ်ကြောင်းနှင့် ၎င်းတို့၏ အိမ်ထောင်ရေး ခိုင်မြဲစေရန်အတွက် ဆက် လက်၍ ငွေရေးကြေးရေး , လူမှုရေး ထောက်ပံ့မည်ဖြစ်ကြောင်းတို့ကို လှုံ့ဆော်ခဲ့ကြလို့ပဲ ဖြစ်ပါတယ်။ ယင်း လျှို့ဝှက်လှုံ့ဆော်ချက် ကို နောက်ဆက်တွဲအဖြစ် သီးခြားရေးထားပါတယ်။

*ဒီ ပဋိပက္ခ နှစ်ခုစလုံးမှာ မြန်မာ , မွန် , ကရင်စတဲ့ ဗုဒ္ဓဘာသာဝင်များဘက်က မလွန် ၊ မူဆလင် ကုလားတွေဘက်ကသာ လွန်တာဖြစ်ပါတယ်။ ကမ္ဘာ့ရေနံသူဌေး ဆော်ဒီအော်ရေဗျနိုင်ငံ တစ်ခုတည်းက ကမ္ဘာ့မူဆလင်နိုင်ငံများကို နှစ်စဉ် ငွေကုဋေချီပြီး ထောက်ပံ့နေပါတယ်။ဥပမာ ၁၉၇၇ - ခုနှစ်က ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ သန်းပေါင်း ၄၆၂၀၊ ကျပ်ငွေ သန်းပေါင်း ၁၅၀၀၀ (ကုဋေသုံးထောင့်ငါးရာနီးပါး) ထောက်ပံ့ခဲ့ပါတယ် ။(တိုင်းမဂ္ဂဇင်း စာမျက်နှာ - ၂၉၊၁၆-၄-၇၉)*

မူဆလင်တို့အခွင့်ရလျှင်ရသလို မြန်မာနိုင်ငံမှာ မြန်မာတစ်မျိုးသားလုံးအပေါ် နိုင်ငံနဲ့ချီပြီး ကြောခဲ့ကြပုံ အချို့တို့ကို ဖော်ပြလိုပါတယ်။ ကျွန်တော်အနေဖြင့် ပုဂ္ဂလိကဇာတ်လမ်းတွေ အမြောက်အမြား တင်ပြရန် သာဓကအမြောက်အမြားရှိပေမယ့် လူတကာသိ ကြတဲ့ နိုင်ငံကျော်ကိစ္စတွေကိုပဲပြန်လည်တင်ပြလိုပါတယ်။

၁။ မြန်မာဦးစွန်းဖြစ်တဲ့ မန္တလေးမြို့ နန်းမြို့ရိုးထဲမှာ ဗလီဖြစ်အောင် တည်ခဲ့ပါတယ်။

၂။ ရန်ကုန်မြို့လယ် အချက်အချာဖြစ်တဲ့ ဆူးလေ ဘုရားရဲ့ ဝေါပကမြေကို အင်္ဂလိပ် ခေတ်က ၎င်းတို့ကရအောင်ယူပြီးတော့ဆူးလေဘုရားနဲ့ အပြိုင် ပေ ၁၀၀ ခန့်အတွင်းမှာ ဗလီကြီးဆောက်ခဲ့ပါတယ်။

၃။ အင်္ဂလိပ်အစိုးရက အဂ္ဂမဟာပဏ္ဍိတဘွဲ့ ဆက်ကပ်ခံရပြီး တွဲဖြူရထားတစ်တွဲကို အလိုရှိသလို အချိန်အခါမရွေး အသုံးပြုနိုင်ရန် ဆက်ကပ်ခံရတဲ့ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးဟာ ဘယ်သူ့ကို မှလည်း မပုတ်ခတ်ပဲနဲ့ နွားသားမစားကြဖို့ ဗုဒ္ဓဘာသာဝင်တွေကို အလှူခံခဲ့ပါတယ်။ အဲဒါကို မူဆလင်တို့အားများတဲ့ ပျော်ဘွယ် , ရမည်းသင်း, ပျဉ်းမနားတို့မှာ ဆရာတော်ဘုရားကြီးရဲ့ တရားပွဲတွေကို ခဲနဲ့ပေါက်ပြီး စော်ကားခဲ့ပါတယ်။

၄။ ပါလီမန်ခေတ်က ရန်ကုန်တက္ကသိုလ်မှာ ဓမ္မာရုံရှိသ လို သူတို့ကိုလည်း တက္ကသိုလ် နယ်မြေမှာ မြေနေရာပေးပါ။ ဗလီတည်ခွင့်ပေးရမယ်ဆိုပြီး မူဆလင်ဝန်ကြီးနှစ်ဦး (ဦးရာရှစ်၊ ဦးခင်မောင်လတ်)တို့က တောင်းဆိုပြီး ကျပ်ငွေ သန်းနဲ့ချီပြီး ဗလီကြီးဟိန်းနေအောင် ဆောက်ဖို့ ကြက်ဆင်ဖဲထီး သူဌေး မဒါးကုလားက တာ ဝန်ယူပြီး အရေးဆိုခဲ့ပါတယ်။

၅။ ပါလီမန်မှာ ဥပဒေသစ် တစ်ခုပြဌာန်းဖို့ တင်ပြခဲ့ပါတယ်။ဘယ်လဲဆိုတော့ မူဆလင်တွေဟာ ဝက်သားကိုမြင်ရင် ဟာရမ်ဖြစ်တယ်။ ဒါကြောင့် ဝက်သားစားတဲ့ တိုင်းရင်းသား တွေဟာ ဈေးမှ ဝက်သားဝယ်ရင် လုံလုံခြုံခြုံထုတ်ယူကြဖို့ လူမြင်အော င် တွဲလွဲဆွဲသွားရင် တရားဥပဒေနဲ့တားမြစ်ပေးဖို့ အရေးဆိုခဲ့ပါတယ်။

၆။ ဒုတိယ ကမ္ဘာစစ်မဖြစ်မီ စစ်ကြိုခေတ်က ကုလား မော်လဝီ ရွှေဖီဆိုသူက ' မော်လဝီ ယောဂီစာတမ်း ' ဆိုပြီး ဗုဒ္ဓဘုရားရှင်နဲ့ မြန်မာတို့ကို ပုတ်ခတ်ရေးသားခဲ့လို့ ကုလားမြန်မာ အဓိကရုဏ်းဖြစ်ခဲ့ရပါတယ်။

၇။ ၁၉၇၀ - ခုနှစ် ပတ်ဝန်းကျင်က ခရမ်းမြို့မှာ တမိလ် (ကုလယ်ကုလား)တွေက ဘုရားပွဲ လှည့်တာ စနေ ဆွမ်းလောင်းလမ်းမှာရှိတဲ့ ဗလီရှေ့လမ်းကနေ ဖြတ်ကျော် မလှည့်ရဘူးဆိုပြီး အဲဒီ ဘုရားလှည့်ပွဲကို ဝင်ရိုက်ပါတယ်။ တမိလ်တွေပင့်လာတဲ့ ဗုဒ္ဓကျောက်ဆင်းတု ရုပ်ပွားတော် ဦးခေါင်းကျိုးပြတ်သွားခဲ့လို့ အဲဒီတုန်းက အဓိကရုဏ်းဖြစ်ရန် တဲတဲလေးလိုခဲ့ပါတယ်။ အဲဒီ တုန်းက နာယက ပုဂ္ဂိုလ်ကြီးတစ်ဦးရဲ့ ဇနီးက မူဆလင်ဖြစ်လို့ သူတို့ကျယ်ခဲ့ပါတယ်။ သူတို့နိုင်ငံ မှာဆိုလျှင် ဘယ်လောက်များ ကျယ်မလဲဆိုတာ စဉ်းစားကြည့်ကြစေလိုပါတယ်။

၈။ မြန်မာနိုင်ငံမှာ မြန်မာတိုင်းရင်းသူတွေကို သူတို့က သဘောရှိ စိတ်တိုင်းကျယူကြပေမယ့် သူတို့ကပြား အမျိုးသမီး တစ်ဦးဦးကို မြန်မာဗုဒ္ဓဘာသာ ဘက်ကယူ လျှင် ဘာသာဖျက်ဆီးမှုနဲ့ တရားစွဲခံရပါတယ်။လွတ်လပ်ရေးရပြီးစခေတ်အထိပါပဲ။

၉။ ရန်ကုန်တိုင်း မြောက်ဥက္ကလာပတည်စက မြန်မာဘုန်းတော်ကြီးကျောင်းတွေဟာ

မြို့စွန်တစ်နေရာမှာ တစ်စုတစ်ဝေးတည်း နေရာချထားပြီးခုခံရပေမယ့် သူတို့က သက်ဆို င် အာဏာပိုင် ပုဂ္ဂိုလ်ကို ငွေနဲ့ကြေးနဲ့လိုက်ပြီး အချက်အချာနေရာမှာ ဗလီတည်ဖို့ စတင်တည် ဆောက်ခဲ့ကြ လို့ အဓိကရုဏ်း ဖြစ်ခဲ့ကြပါတယ်။

## သတိပြုပါ ထေရ်သံဃာ

ရဟန်းတော်တို့၏ စာချခြင်း၊ စာသင်ခြ င်း၊ တရားအားထုတ်ခြင်း၊ တရားပြခြင်း စသော လုပ်ငန်းများကို လုပ်ဆောင်တော်မူနေကြခြင်းသည်လည်း သာသနာပြုနေကြခြင်းပင် ဖြစ်ပါ၏။ သို့သော်လည်း မြို့ရွာရပ်ကွက်အသီးသီးရှိ လူသားတို့ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြမှသာ ယင်းလုပ် ငန်းများကို ဆောင်ရွက် နိုင်မည်ဖြစ်ပါ၏။ အခြားဘာသာဝင်များ သာ ဖြစ်ခဲ့လျှင် တရားနာယူသူ , အားထုတ်သူများ အဆက်ပြတ်သွားမည့်အပြင် စာသင်တိုက်အသီးသီးတွင် စာပေသင်ကြားမည့် ကိုရင် , ရဟန်းများလည်း လုံးဝအဆက်ပြတ်တောက်သွားနိုင်ပေသည်။ ယင်းအခြေအနေရောက်ခဲ့သော် အရှင်တို့က ဘယ်သူတွေအား တရားဟောပြ , စာတွေချမည်နည်း။ ထို့ကြောင့် အထက်ပါသာသ နာပြု လုပ်ငန်းများအပြင် ဗုဒ္ဓဘာသာရော မြန်မာ တိုင်းရင်းသားများပါ ဝါးမျိုမခံနိုင်ရန် ဤစာအုပ် ဖြစ်ရပ်များကို ဒကာ -ဒကာမတိုင်းအား ဟောညွှန်ပြသင့်လှပေသည်။ ရဟန်းတော် တစ်ပါးလျှင်ဆွမ်းခံအိမ်(၁၅)အိမ်ထောင်စီ တာဝန်ယူ ဟောပြောလျှင် စိတ်အေး နိုင်ပါပြီ။

## အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နိုင်ငံများကို မူဆလင်တို့ဝါးမျိုခြင်း

အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နိုင်ငံတွေဟာ ရှေးကဗုဒ္ဓဘာသာအင်မတန် ထွန်းကားခဲ့တဲ့ နိုင်ငံတွေ ဖြစ်ပါတယ်။ အာဖဂန်နိုင်ငံ မှာ ပေ ၃၀၀ ခန့်မြင့်တဲ့ ကျောက်တောင်ကြီးမှာ ပေ ၃၀၀ ခန့်မြင့်တဲ့ ရပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီး ထွင်းထုပူဇော်ထားရာ မူဆလင်စစ်တပ်များက နောင်တွင်ဖျက်ဆီး၍ ဒူးဆစ်လောက်သာ ရိုက်ချိုးနိုင်ခဲ့ပါတယ်။ ဘာသာထဲဝင်သူတွေကို မူဆလင်တွေက သတ်ဖြတ်တာတွေ , ညှဉ်းဆဲတာတွေ စသည်လုပ်ခဲ့ တဲ့အတွက် တစ်နိုင်ငံလုံး မူဆလင်တွေ ဖြစ်ကုန်ပါတယ်။ ယနေ့ပါကစ္စတန်နိုင်ငံဟာလည်း ရှေးက ဗုဒ္ဓဘာသာအလွန်ပဲ ထွန်းကားခဲ့တဲ့နိုင်ငံပါ။ အဲဒီ နိုင်ငံထဲမှာ ရှိတဲ့ တက္ကဆီလာဆိုတဲ့ အရပ်ဒေသဟာလည်း ဗုဒ္ဓကျမ်းစာတွေထဲမှာ အခါပေါင်းများ စွာပါတဲ့ အဌရသ ( ၁၈ )ရပ် ပညာဆည်းပူးရာ တက္ကသိုလ် ကျောင်းတော်ကြီးရှိခဲ့ရာ ဒေသပဲဖြစ်ပါတယ်။ မူဆလင်တွေရဲ့ဝါးမျိုးခဲ့လို့ ယခုအခါ

ဗုဒ္ဓဘာသာဝင်တွေ လုံးဝ ချုပ်ငြိမ်းခဲ့ရပြီ၊ ဒါကြောင့် ' ဒို့ အိမ်နားရောက်လာပြီ ပေါ့ဆလျှင်တော့ ခံရမယ် ' လို့ ဗုဒ္ဓဘာသာ ရွှေမြန်မာတွေကို သတိပေးပါရစေ။

## တရုတ်ပြည် အာရှအရှေ့ဖျားဒေသများနှင့် အစ္စလာမ်ဘာသာ

ယခုအခါ ဆိုဗီယက် ပြည်ထောင်စုအတွင်း တရုတ်နယ်စပ်အနီးရှိ ပါကစ္စတန် ပြည်နယ်သည် ရှေးအခါက ခိုတန်ပြည်ဟု တွင်ရှိပြီး တရုတ်ပြည်သို့ ဗုဒ္ဓဘာသာရောက်ရှိရန် အရေးပါသော နိုင်ငံ ဖြစ်ခဲ့ပါတယ်။ တရုတ်ပြည်ကို ရှေးဦးစွာ ဗုဒ္ဓသာသနာပြုသူမှာ ခိုတန်ပြည်သား အရှင်သဿပမာတင် ဖြစ်ပါတယ်။ ခိုတန်ပြည် ဘုရင်ဓမ္မနန္ဒသည် ဗုဒ္ဓသာသနာကို လွန်စွာ သက်ဝင်ယုံကြည်၍ ထီးနန်းကို စွန့်ကာ ရဟန်းပြု၍ အိန္ဒိယသို့ပင် ပညာသင် ကြွခဲ့ပါတယ်။ အန္ဒရာဘုရင်လက်ထက် ဂေါတမဝိဟာရ ကျောင်းတိုက် တစ် ခုတည်းမှာပင် စာသင်သား ရဟန်း(၄)ထောင်ကျော် ရှိသည် ဟု တရုတ်ခရီးသည် ဖာဟီယန် မှတ်တမ်း တင်ခဲ့ပါသည်။ ထိုကဲ့သို့ အပြစ်ကင်းစွာ ထွန်းလင်းတောက်ပ၍ နေသော ဗုဒ္ဓသာသနာ ရောင်ဝါဟာ ခရစ်နှစ် ၁၀၀၀ ခန့် တွင် တူရကီ လူမျိုးယူဆစ်ကဒရ်ခန် ဦးဆောင်သော မူဆလင် စစ်တပ်ကြီးက ခိုတန်ပြည်ကို တိုက်ခိုက်၍ အဓမ္မသာသနာ ပြုခဲ့ရာတွင် ဗုဒ္ဓသာသနာ ကွယ်ပ၍ ယခုအခါ စေတီပျက် အချို့နှင့် ရုပ်ပွားတော် အကျိုးအပျက်တို့ကို ခိုတန်သမိုင်းတွင် ရှေးဟောင်း အမွေအနှစ်အဖြစ် ကျန်ရစ်လျက် ရှိပါတော့တယ်။

တရုတ်ပြည်သို့ အစ္စလာမ်များ ကနဦးစွာ ဝင်ရောက်လာကြသော အရပ်ဒေသသည် ကျယ်ဝန်းသော်လည်း သဲကန္တာရဆန်သော စင်ကျန်းပြည်နယ် ဖြစ်ပါတယ်။ ၎င်းအပြင် ယူနန် ပြည်နယ်၌ အချို့ရှိပြီး တရုတ်ပန်းသေးဟု မြန်မာတို့က ခေါ်ကြပါတယ်။ တရုတ်ပြည်မှာ သန်းပေါင်း ၁၀၀၀ခန့်က (ကမ္ဘေ၁၀၀ ခန့်) လူဦးရေရှိပြီး မူဆလင်ဦးရေ သန်း ၂၀ ပတ်ဝန်းကျင် ခန့်သာ ရှိပါသည်။ အဓိကအားဖြင့် အထက်က ပြဆိုခဲ့တဲ့ ပြည်နယ် ၂ ခုမှာပဲ ရှိပြီး ၎င်းပြည်နယ် ၂ ခုမှာလည်း သူတို့ဟာ လူများစု မဟုတ်ကြပါ။ ၎င်းပြည်နယ် ၂ ခု အနက် လူဦးရေ ၁၃ သန်းခန့်ရှိသော စင်ကျန်းပြည်နယ် တစ်ခုတည်း၌သာ မူဆလင်ဘာသာ လူမျိုးစုရှိပါတယ်။သဲကန္တာရဆန်သော မွန်ဂိုလီးယားပြည်နယ် မဟာယနဘာသာနိုင်ငံတွင်လည်း လူနည်းစု အဖြစ် အတော်အသင့်နေကြပါတယ်။ အရှေ့ဖျား အခြားနိုင်ငံများဖြစ်ကြတဲ့ ကိုရီးယား တို့၌မူ မရှိသလောက် အလွန်ပင် နည်းပါးပါတယ်။

ယနေ့ ဖိလစ်ပိုင် ကျွန်းစုခေါ်တဲ့ ဘုရင်ဂျီ ခရစ်ယာန် အများစုဖြစ်ပြီး သန်း ၅၀ ခန့်ရှိတဲ့

နိုင်ငံဟာလည်း မူဆလင်များက ဗုဒ္ဓဘာသာနှင့်ဟိန္ဒူ များကို အဓမ္မသာသနာပြုပြီးနောက် ဥရောပ နိုင်ငံများ တန်ခိုးထွားလာချိန်တွင် စပိန်တို့က မူဆလင်များနည်းတူ နှစ်ပေါင်း ၁၅၀ ခန့် ယင်းကျွန်းစုများကို စိုးမိုးပြီး အဓမ္မသာသနာ ပြုခဲ့ကြရာ ဖိလစ်ပိုင်ကျွန်း မင်အာနို ကျွန်းကြီးပေါ်ရှိ မူဆလင်များ၏ ကြံ့ကြံ့ခံခဲ့ခြင်းကိုတော့ အောင်နိုင်ခြင်း မရှိခဲ့ပါ။ ယနေ့တိုင်ပင် ဖိလစ်ပိုင်နိုင်ငံမှ ခွဲထွက်ခွင့် ရရှိရေးအတွက် ဖော်ရိုးသူပုန်များ ထကြွလျက်ရှိနေပါတယ်။

ဒုတိယကမ္ဘာစစ်ကြီး အပြီး ၁၉၅၀-၅၁ ခန့်မှာ တောင် /မြောက်ကိုရီးယား စစ်ဖြစ်ခဲ့ကြပါတယ်။ အဲဒီ စစ်ပွဲပြီးဆုံးစေရန် တောင် /မြောက် ၁၇ မျဉ်းပြိုင်မှာ ကုလသမဂ္ဂကြီးမှူးပြီးတော့ ငြိမ်းချမ်းရေးတပ်တွေ ချထားပေးကြပါတယ်။ အဲဒီလို ကမ္ဘာ့နိုင်ငံတပ်တွေချထားရာမှ ဖို -မ သဘာဝအရ ရောက်လေရာဒေသမှာ အိုးချင်းထား အိုးချင်းထိ , ကြိုးချင်းထားကြိုးချင်းငြိ၊ ညားကြ၊ ပေါင်းဖေါ်ကြလို့ ကိုရီးယား မိခင်တွေနဲ့ နိုင်ငံစုံတပ်သားတွေ ေ ပါင်းဖော်ပြီး သားသမီးတွေ ရကြပါ တယ်။ ကြာတော့ တပ်တွေလည်း နေရင်းနိုင်ငံပြန်ကြရပါတယ်။ သို့ပေမယ့် ကလေးတော်တော် များများနဲ့ ကိုရီးယားသူ မိခင်တွေဟာ ကိုရီးယားမှာပဲ နေခဲ့ကြပြီး နောင် ၁၀-၁၅နှစ်၊ အနှစ် ၂၀ ကြာတော့ အခြား မူရင်းပြည်သူတွေနဲ့ ရောနှောသွားကြပါတယ်။

ဒါပေမယ့် တူရကီ မူဆလင် တပ်သားတွေနဲ့ ရတဲ့ကလေး ၂၀၀ ကတော့ မူဆလင်ကလေး တွေ အနေနဲ့ တစ်သီး တစ်ခြား ရပ်တည်ခဲ့ကြပါတယ်။ ထိုစဉ်အခါကနဲ့စာလျှင် ကိုရီးယား ပြည်သူလူဦးရေဟာ ဗုဒ္ဓဘာသာမလေးတွေနဲ့ ညားကြပြီး သာသနာပြုကြလို့ , ပေါက်ဖွားကြလို့ ကမ္ဘာ့မူဆလင်တွေရဲ့ ထောက်ပံ့မှုကြောင့် အဆွယ်ကောင်းလို့ စသည်ဖြင့် အကြောင်းကြောင်း တွေကြောင့် ကိုရီးယားမှာ ယနေ့ မူဆလင် ၄၀၀၀ ထိ လူဦးရေ တိုးတက်များပြားလာပြီး ရာခိုင်နှုန်း အဆ ၂၀ အထိ ခုန်ပျံတိုးတက်လာပါတယ်။

ဒါလည်း အလျဉ်းသင့်လို့ တင်ပြရလျှင် ရခိုင်မေဃ ဝတီ ဆရာတော် ဦးနာရဒက လွန်ခဲ့တဲ့ အနှစ် (၃၀)ခန့်က ဘယ်လို မိန့်ကြားခဲ့ပါသလဲဆိုတော့ စစ်မြေပြင်မှာ မြန်မာဗုဒ္ဓဘာသာသား ကောင်း (၅၀၀ )ကျဆုံးခဲ့ပါလျှင် ဝမ်းနည်းဖို့ ကောင်းပေမယ့် မြန်မာမိခင် (၅၀၀)က ထပ်ပြီး သားကောင်း (၅၀၀)က ထပ်ပြီး သားကောင်း (၅၀၀)ကို မွေးပေးနိုင်ပါသေးတယ်တဲ့။ ဒါပေမယ့် မြန်မာအမျိုးသမီး (၅၀၀) လင်ယူမှား ရင်တော့ နောင်လာလတ္တံ့သော အနာဂါတ်ကာလမှာ တိုင်းပြည်အတွက် ကြာလေနာလေနဲ့ ရောဂါဆိုးတစ်ခု စွဲကပ်သလို ခံစားရတော့တာပါပဲလို့ ဖော်ပြ ထားပါတယ်။ အဲဒီစကားဟာ

မှန်ကန်၍နေကြောင်း ဒီနေရာမှာ သာဓကပါပဲ။ အာရှအရှေ့ပိုင်းနိုင်ငံများ ဖြစ်ကြတဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ, မွန်ဂိုလီးယားနိုင်ငံတော် တောင် /မြောက် ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံ ၊ လောနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက် နမ်နိုင်ငံစတဲ့ နိုင်ငံတို့နဲ့ ဖော်မိုဆာကျွန်းစသည့်နိုင်ငံများအားလုံးမှာမူဆလင်တွေဟာဒေသခံတိုင်းရင်းပြည်သူတွေရဲ့ ငါးရာခိုင်နှုန်းမျှပင် မရှိပါဘူး။ဤ မျှနဲ့ပဲ အာရှအရှေ့ပိုင်း နိုင်ငံများနဲ့ အစ္စလာမ်ဘာသာ အကြောင်းကို တင်ပြလိုက်ပါတယ်။

## ယနေ့ ကမ္ဘာ့အရပ်ရပ်ရှိ အစ္စလာမ်ဘာသာဝင်များ

ယနေ့လက်ရှိ တကမ္ဘာလုံးမှာ လူဦးရေသန်းပေါင်း (၅၀၀၀) ကျော်ခန့် (၅၀၀)ကုဋေကျော် ရှိပြီး မူဆလင် ဦးရေသန်းပေါင်း (၈၅၀)ခန့် ရှိပါတယ်။ တစ်ကမ္ဘာလုံးမှာ သူတို့ဟာ လူများစု မဟုတ်ကြပါဘူး။

အများစု နားလည်တဲ့ စကားနဲ့ တင်ပြရပါလျှင် ကမ္ဘာပေါ်ရှိ တိုက်ကြီး ( ၇ )တိုက်မှာ ဘယ်တိုက်မှာမှ သူတို့ဟာ လူများစု မဟုတ်ကြပါဘူး။ ဤကမ္ဘာတွင် ခရစ်နှစ် ၁၉၁၀- ပြည့်တုန်းက ကမ္ဘာ့လူဦးရေသန်းပေါင်း (၁၆၂၀) ခန့်ရှိပြီး မူဆလင် ဘာသာဝင် ဦးရေသန်းပေါင်း(၂၁၀)ခန့်ရှိခဲ့ရာ ဆယ့်နှစ် ဒသမ လေးရာခိုင်နှုန်းသာ ရှိခဲ့ သောလည်း ယနေ့ ၁၉၈၀ (၎င်းစာရင်းထုတ်ပြန်သည့်အချိန်)တွင် ကမ္ဘာ့လူဦးရေ (၄၃၇၄) သန်း အနက် မူဆလင် ဘာသာဝင် (၇၂၃)သန်း ခန့်ရှိပြီး ဆယ့်ခြောက်ဒသမငါးရာခိုင်နှုန်းခန့် ရှိလာပါတယ်။ ကမ္ဘာ့လူဦးရေနဲ့ ချိန်ပြီး လေးရာခိုင်နှုန်းခန့်သို့ တက်လာတာဟာ အထူးသတိပြုစရာပါပဲ။

လာမည့်ခရစ်သက္ကရာဇ် ၂၀၀၀- ခန့်မှာ ကမ္ဘာ့လူဦးရေဟာ သန်းပေါင်း (၆၂၆၀)အထိ တိုးတက်များပြား၍ လာမည်ဖြစ်ပြီး မူဆလင် ဘာသာဝင်များဟာ လည်း (၁၂၀၀)သန်းခန့် အထိရှိ လာမည်မို့ ကမ္ဘာ့လူဦးရေရဲ့ ဆယ့်ကိုး ဒသမ နှစ်ရာခိုင်နှုန်းခန့် ရှိလာပြီး နောက်ထပ် သုံးဒသမ တစ်ရာခိုင်နှုန်း ကမ္ဘာနှင့် ချိန်ပြီး အချိုးအစားပိုမိုလာဖို့ ရှိကြောင်း ခန့်မှန်းထားပါတယ်။

မူဆလင် အာရပ်နိုင်ငံ (၂၀)မှာ လူဦးရေး (၁၇၄)သန်းခန့်သာရှိ၍ တစ်နိုင်ငံလျှင် ပျမ်းမျှ (၈)သန်း ခန့်ရှိပါတယ်။ ကမ္ဘာ့လူဦးရေသန်းပေါင်း (၅၀၀၀)ခန့် အနက် မူဆလင် သန်းပေါင်း (၈၅၀) ခန့် ရှိ၍ ကမ္ဘာ့လူဦးရေ၏ ဆယ့်ခုနစ် ရာခိုင်နှုန်းခန့်သာ ရှိပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် (၁၅၉)နိုင်ငံ အနက် မူဆလင်နိုင်ငံ (၃၄)နိုင်ငံ ရှိပါတ ယ်။ နောက်ဆုံးအဖွဲ့ဝင် နိုင်ငံကတော့ ဗြိတိသျှ လွတ်လပ်ရေးပေးလိုက်တဲ့

ဘရူနိုင်းနိုင်ငံဖြစ်ပါတယ်။ ကမ္ဘာမှာ မူဆလင်အများဆုံး နေထိုင်တဲ့ နိုင်ငံကတော့ အင်ဒိုနီးရှားဖြစ်ပြီး သန်းပေါင်း (၁၆၀)ခန့် ရှိပါတယ်။ ဒုတိယအများဆုံးက အိန္ဒိယနိုင်ငံထဲက မူဆလင်များဖြစ်ပြီး သန်းပေါင်း ၁၀၀ (ကုဋေ ၁၀ ခန့်) ရှိပါတယ်။ တတိယ အများဆုံးက ဘင်္ဂလားဒေ့ရှ် သန်း (၉၀)ကျော်နဲ့ ပါကစ္စတန် (၈၅)သန်းခန့်တို့ ဖြစ်ကြပါတယ်။ ပဥ္စမအများဆုံးကတော့ ရုရှားနိုင်ငံထဲရှိ မူဆလင်များဖြစ်ပြီး လူဦးရေ သန်း (၅၀)ခန့် ရှိပါတယ်။

မူဆလင်တွေဟာ အချင်းချင်း ရိုင်းပင်းကြပြီး ဘု ရားဝတ်တတ်ရာမှ အစ စုစုဝေးဝေး ရှိကြတယ်လို့ အမှုမဲ့ အမှတ်မဲ့ နေကြသူတွေက သူတို့ကို ကမ္ဘာအရပ်ရပ်မှာ အများစုလို့ အထင်ရှိ နေကြပါတယ်။ ဖာသိဖာသာနေသူများကို လည်း ကမ္ဘာမှာ သူတို့က လူအများစုဖြစ်နေကြသယောင်ယောင်ဟိတ်ထုတ်နေကြပါတယ်။

ဒါကြောင့်လည်း ၁၉၄၈-၄၉ အိန္ဒိယ, ပါကစ္စတန် ခွဲကြတုန်းက စစ်တကောင်းတောင်တန်းနဲ့ အချို့နယ်ကလေးတွေမှာ အိန္ဒိယပြည်ထဲ ဆက်စပ်လျက် ပါသင့်ပြီး ဟိန္ဒူဦးရေက ထက်ဝက် အနည်းငယ် ပိုပေမယ့် အမှုမဲ့ မှတ်မဲ့ မထူးတော့တဲ့ အနေအထားမျိုးနဲ့ စာရင်းမပေးမိလို့ မူဆလင် နိုင်ငံဘက်ကိုပါသွားကြရပါတယ်။ တစ်ခါတစ်လေ ပွဲလှန့်ဖျာ ခင်းတဲ့ သဘောမျိုးကို အစဉ်သတိ ချပ်ကြဖို့ လိုအပ်ပါတယ်။

## ဒံပေါက်ကျွေးမှ ဂုဏ်ရှိမှာလား

